# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၉၀) ၊ ၁၃၈၆ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၃ ရက် ၊ ၂၀-၉-၂၀၂၄ ၊ သောကြာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။)

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး နီပေါနိုင်ငံ၏အခြေခံဥပဒေရေးဆွဲခြင်း (၁၀)နှစ်မြောက်အထိမ်းအမှတ်နေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၉

နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်း (၁၀) နှစ်မြောက်အထိမ်းအမှတ်နေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်သည်။




ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire နှင့် တာဝန်ရှိသူများက ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် နီပေါနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး နီပေါနိုင်ငံယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire တို့က နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်း (၁၀) နှစ်မြောက်အထိမ်းအမှတ်နေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် အတူစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ ညှော်ခံပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့်ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်ဦးဗိုလ်ဌေး၊ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူး၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၉

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

## ယနေ့ ဖတ်စရာအညွှန်း


မြန်မာ့ကော်ပီ တန်ချိန် ၂၅၀၀ ခန့်ကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုမှ တင်ပို့ရောင်းချနေ

စာမျက်နှာ ၁၄

ပီတာမင်အေ ကြွယ်ဝသော ရွှေရောင်ဆလတ်

စပိန်နိုင်ငံမှ သိပ္ပံပညာရှင်များ ပန်တီးစိုက်ပျိုး

စာမျက်နှာ ၁၉



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၀ ) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက် ၊ သောကြာနေ့။

မန္တလေး နေ့စဉ်

# စာပေကို လေ့လာသင်ယူရမည်

လူ့လောကတွင် မည်မျှပင်ပစ္စည်းဉစ္စာပြည့်စုံသူဖြစ်စေ ပညာရပ်တစ်ခုခုကို ကျွမ်းကျင်တတ်မြောက်စေရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာ မိမိဘဝအတွက် ထိုပညာရပ်ကို အသုံးချကာရပ်တည်နိုင်မည်ဖြစ်သည်။ ပညာကိုသင်ကြားတတ်မြောက်ခြင်းမရှိပါက လောကတွင် မိမိဘဝရပ်တည်ရေးအတွက် လွန်စွာခက်ခဲနေမည်ဖြစ်သည်။ ပညာရှိသောသူ၊ ပညာတတ်သောသူမှသာ အကောင်း၊ အဆိုး၊ အမှား၊ အမှန်ကို စိစစ်ဝေဖန်ပိုင်းခြားနိုင်သော ဉာဏ်ပညာရှိမည်ဖြစ်သည်။ ပညာရှာဖွေသူတစ်ဦးအဖို့ အချိန်အခါမရွေး၊ အသက်အရွယ်မရွေး ပညာကို ကြိုးစားသင်ယူရမည်ဖြစ်သည်။

အခြေခံဖြစ်သောစာပေကို လေ့လာသင်ယူရမည်ဖြစ်သည်။ အခြေခံဖြစ်သောပညာကို ပထမအရွယ်မှာ ရှာရမည်ဆိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပထမအရွယ် ပညာမရှာဖြစ်ခဲ့လျှင် ဒုတိယအရွယ်၊ တတိယအရွယ်ပင်ဖြစ်သော်လည်း ပညာကို လိုလိုလားလားသင်ယူပါက ဖြစ်နိုင်ကြောင်း"ပညာလိုအိုသည်မရှိ"ဟူသော စကားဖြင့် ရှေးအစဉ်အဆက်ကပင် တိုက်တွန်းထားသည်။

စာပေများကို မလေ့လာမရှာမှီး မသိမ်းဆည်းပါလျှင် လိုခါမရဖြစ်ကာ ကြောင့်ကြစိုးရိမ်နေရမည်ဖြစ်သည်။ ရှေးခေတ်ပညာရှိ စာဆိုများသည် အမြော်အမြင်ကြီးစွာဖြင့် ပညာ၏အရေးပါပုံကို ထုတ်ဖော်ကာ ပညာရှာဖွေရန် တိုက်တွန်းခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။ အရေးကြီးသောပညာကို တတ်သိနားလည် ကျွမ်းကျင်ရန် လေ့လာသင်ယူနေရမည်ဖြစ်သည်။ မိမိ၏ ပင်ကိုဉာဏ်၊ သင်ယူရရှိသော ပညာဉာဏ် တို့အပြင် မိမိ၏အတွေ့အကြုံ ဗဟုသုတတို့ကိုပါ ပေါင်းစပ်ပါလျှင်ပြည့်ဝသော ပညာဉာဏ်ရည်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ပညာဉာဏ်မှာ အရွယ်သုံးပါးလုံးတွင် ရယူနိုင်၊ လေ့လာဆည်းပူးနိုင်သည်။ ပညာသည် အစစ်အမှန်ရတနာဖြစ်ကြောင်း ဖော်ပြနေသည်။

ယနေ့စာပေခေတ်သည် သိပ္ပံပညာများ အစွမ်းကုန်တိုးတက်ထွန်းကားလျက်ရှိသည်။ ထိုသို့ တိုးတက်နေသောပညာခေတ်တွင် ပညာဟူသော အဓိပ္ပာယ်မှာ တာသွားကျယ်ဝန်းလာသည်။ မျက်မှောက်ခေတ်တွင် စာပေလောက၌ ပညာခေတ်ဟူသော အသံများ သောသောညံ ရိုက်ခတ်လျက်ရှိနေသည်။ နိုင်ငံတော်က မြန်မာ့ပညာရေးလောကကို တိုးတက်သောနိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်ရန် ခေတ်မီနည်းပညာရပ်အသီးသီးကို အရှိန်အဟုန်မြှင့်တင်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

"ပညာရဲရင့် ပွဲလယ်တင့်"ဟူသော စကားအတိုင်း ပညာအရာ၌ ကျွမ်းကျင်လိမ္မာလျှင် လူ့လောကအလယ်၌ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ စာပေကို လေ့လာသင်ယူခြင်းဖြင့် စာပေပညာမြင့်မားသော အမျိုးသားရေးစိတ်ဓာတ်ရင်သန်ထက်မြက်သော နိုင်ငံကြီးသားများ ဖြစ်လာမည်ဖြစ်ပြီး မိမိရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံနှင့်လူမျိုးတိုးတက်ကြီးပွားရေး၊ နိုင်ငံတကာနှင့် ခေတ်မီစွာရင်ပေါင်တန်းနိုင်ရေးတို့အတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မတ္တရာမြို့နယ်တွင် နေကြာမျိုးစေ့ပေးအပ်ခြင်းနှင့် ဓာတ်မြေဩဇာရောင်းချပွဲအခမ်းအနား ကျင်းပ



**မတ္တရာ စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ ထီးတော်မိုးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် နေကြာမျိုးစေ့ပေးအပ်ခြင်းနှင့် ဓာတ်မြေဩဇာရောင်းချပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်ယု၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးရဲမင်းသောင်း၊ ခရိုင်ဆည်မြောင်းဦးစီးမှူး ဦးမျိုးမင်းသန့်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးဇော်ဇော်လင်း၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြတ်သီတာ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်ကျော်နိုင်၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးဇော်လင်းသိန်း၊ မြို့နယ်ဆည်မြောင်းဦးစီးမှူး ဦးမျိုးသက်မောင်၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာသန်းထွန်းဦး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တောင်သူ (၆၀)ဦးတို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းက မြို့နယ်တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များ ဆွေးနွေးသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက နေကြာမျိုးစေ့များအား ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ နေကြာမျိုးစေ့များပေးအပ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ရောင်းချသည့် ယူရီးယားဓာတ်မြေဩဇာများအား တောင်သူများထံသို့ ရောင်းချပေးသည်။

ဆက်လက်၍ အစေ့ထုတ်ပြောင်းသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့်ပတ်သက်သည့် နည်းပညာပေးဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၉၃)

၀-၀-၀-၀-၀

## ရေဘေးသင့်ပြည်သူများ ကူညီထောက်ပံ့ရေးအတွက် အလှူငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးမြို့အခြေပြု ဓမ္မပါလ စာချဆရာတော်များ လှူဒါန်းရေးအဖွဲ့သို့ မန္တလေးမြို့နေ ဦးပြေ+ ဒေါ်ခင်ဝင်းတို့အား ရည်စူး၍ ရီရီဓာတ်ပုံ(BFU.11 Community)မိသားစုတို့က ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်ရေးအတွက် လှူဒါန်းငွေကျပ် ၈၅၀၀၀၀ ကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက ရီရီဓာတ်ပုံတိုက်နေအိမ်တွင် ပေးအပ်လှူဒါန်းရာ ဓမ္မပါလအဖွဲ့ အကျိုးတော်ဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

(ကဆ)



## အောင်မြေသာစံမြို့နယ်ရှိ အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ် သိန်း ၅၄၀ ကျော် ခွင့်ပြုထုတ်ပေးထား



**မန္တလေး စက်တင်ဘာ ၁၉**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ်သိန်း ၅၄၀ ကျော်ကို ခွင့်ပြုထုတ်ပေးထားကြောင်း အဆိုပါ လူမှုဖူလုံရေးရုံးမှ သိရသည်။

အဆိုပါ ခွင့်ပြုပေးသည့် လူမှုဖူလုံရေးအာမခံများအတွက် အကျိုးခံစားခွင့်ရှိသည့် ဧပြီလမှ ယနေ့အထိ အလုပ်သမားအမှုတွဲပေါင်း ၅၆၄ မှုရှိပြီး အများစုမှာ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအကျိုးခံစားခွင့်၊ လုပ်ငန်းခွင်ထိခိုက်မှု အကျိုးခံစားခွင့်၊ ဆေးကုသမှု ကုန်ကျစရိတ်များ ပြန်လည်ထုတ်ပေးခြင်း အကျိုးခံစားခွင့်များအတွက် အများဆုံးတောင်းခံကြကြောင်း၊ ယင်းအကျိုးခံစားခွင့်များရှိသည့် အမှုတွဲများအတွက် ငွေကျပ်သိန်း ၅၄၀ ကျော်ကို ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ လူမှုဖူလုံရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"ကျွန်မတို့ရုံးကနေ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ မမာမကျန်းတာတွေ၊ မီးဖွား တာတွေ၊ အလုပ်ခွင်ထိခိုက်ဒဏ်ရာရတာတွေ၊ သေဆုံးတာတွေ ဖြစ်တဲ့အခါမှာ အာမခံအလုပ်သမားတွေကို ဆေးကုပေးမယ်၊ ငွေကြေးအကျိုးခံစားခွင့်တွေ ပေးမယ်ဆိုပြီး ထည့်ဝင်ကြေးတွေ ကောက်ခံထားတာဖြစ်တယ်။ သူတို့ဖော်ပြထားတဲ့ လစာအတိုင်း အကျိုးခံစားခွင့်တွေကို သတ်မှတ်ထားတဲ့ ရာခိုင်နှုန်းတွေအတိုင်း မှန်မှန်ကန်ကန် သူတို့လာတောင်းခံတာနဲ့ အနည်းဆုံးတစ်လအတွင်းမှာ ခွင့်ပြုထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးပါတယ်။ နာမကျန်းဖြစ်လို့ ဆေးဝါးကုသခွင့်ယူနေတဲ့ကာလအတွင်းမှာ လုပ်ခလစာလျော့နည်းသွားတာကို အာမခံထားတဲ့ အတိုင်း ပြန်လည်ဖြည့်ဆည်းပေးတာပါ။ ကျွန်မတို့ဌာနကနေပြီးတော့ မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေကို တစ်ဖက်တစ်လမ်းက အကျိုးခံစားခွင့်ရရှိဖို့အတွက် ကူညီဆောင်ရွက်ပေးနေတာပါ" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များကိုရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် အလုပ်ဌာနများအနေဖြင့် လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်မှတ်ပုံတင်ထားပြီး အလုပ်သမားများကို အာမခံထားပေးခြင်းအားဖြင့် အလုပ်သမား၏ မကျန်းမာမှု၊ မီးဖွားမှု၊ ဖခင်ဘဝဖြစ်မှု၊ နာရေးစရိတ်၊ ဆေးဖိုး၊ ခရီးစရိတ်များအပြင် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ဖြစ်ပွားသည့် ယာယီ မသန်စွမ်းမှု၊ အမြဲတမ်း မသန်စွမ်းမှု၊ ကျန်ရစ်သူအကျိုးခံစားခွင့်များပါ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၇၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၅ /၂၀၂၄)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
( ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ယုံမှတ်အပ်နှံမှုအက်ဥပဒေ အခန်း ၃ ၏နောက်တွင် အခန်း ၃-ကကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

CHAPTER III A.

OF THE PREVENTIVE MEASURES AND REPORTING OBLIGATIONS OF TRUSTEES.

30 A.

Customer Due-Diligence, Record-Keeping and Reporting Obligations of AML/CFT

(1) Any trustee of any trust governed under this Act is bound to the following obligations of Anti-Money Laundering and Countering the Financing of Terrorism (AML/CFT): -

(a) to obtain and hold adequate, accurate and current information on the identity of author of the trust, the trustee(s), the beneficiaries and any other natural person exercising ultimate effective control over the trust;

(b) to hold basic information on other regulated agents of and service providers to, the trust, including investment advisors or managers, accountants, and tax advisors;

(c) to keep all information accurately and up to date on a timely basis;

(d) to disclose the trustee's status to Financial Institutions and Designated Non-Financial Businesses or Professions (FIs /DNFBPs) and report to the relevant competent authorities when forming a business relationship or carrying out an occasional transaction above the threshold;

(e) to provide any information relating to the trust to competent authority and upon request by Financial Institutions and Designated Non-Financial Businesses or Professions (FIs / DNFBPs), any information on beneficiary and assets of the trust to be held or managed under the terms of the business relationship to Financial Institutions and Designated Non- Financial Businesses or Professions (FIs / DNFBPs) under the existing laws;

(2) A trustee is bound to keep above all information at least five years after their involvement with the discharge of trustee.

(3) A trustee shall comply with The Anti-Money Laundering Law and The Counter Terrorism Law.

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ Naypyitaw State Academy ကျောင်းသား ကျောင်းသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယပညာသင်ကာလ စာမေးပွဲအေးချမ်းစွာဖြေဆိုနေမှု ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၁၉**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် Naypyitaw State Academy ၏ ကျောင်းသား ကျောင်းသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယ ပညာသင်ကာလ စာမေးပွဲ အေးချမ်းစွာ ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။





**ကြည့်ရှုစစ်ဆေး**

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက Naypyitaw State Academy ၏ ဒုတိယ ပညာသင်ကာလ စာမေးပွဲကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေး၊ ပညာသင်ယူမှု အခွင့်အလမ်း အပြည့်အဝရရှိစေရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ အနေဖြင့် အရည်အသွေးပြည့်ဝသည့် သင်ကြားသင်ယူ လေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသင်ကြားကြရန်၊ ဗလငါးတန်နှင့် ပြည့်စုံပြီး ကျောင်း၏ဂုဏ်ကို ဆောင်နိုင်သူ၊ ဘာသာရပ်၏ဂုဏ်ကိုဆောင်နိုင်သူ၊ စည်းကမ်းလိုက်နာပြီး ထူးချွန်ထက်မြက်အောင်မြင်သည့် ပညာရှင်များဖြစ်အောင် ပြုစု ပျိုးထောင်ပေးကြရန် ပြောကြားပြီး Naypyitaw State Academy အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ရည်မှန်းထား**

Naypyitaw State Academy ကို ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် ဖော်ဆောင်ရာတွင် Comprehensive University အနေဖြင့် ရည်မှန်းထားသည့်အတွက် ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာ မဟာဌာန၊ ဥပဒေပညာမဟာဌာန၊ စီးပွားရေးပညာ မဟာဌာန၊ ဆေးပညာမဟာဌာန၊ လူမှုရေးပညာမဟာဌာနနှင့် အားကစားပညာမဟာဌာနဟူ၍ မဟာဌာနကြီးခုနစ်ခုဖြင့် ဖွဲ့စည်းတည်ထောင် ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

# မြင်းခြံ-မြစ်သား-ရေဝန်းလမ်း မိုင်တိုင်(၄၇)အနီး ကားလမ်းပေါ် ရေကျော်ပျက်စီးမှုအား ပြုပြင်ပြီးစီး

**မြစ်သား စက်တင်ဘာ ၁၉**

ယခု စက်တင်ဘာလ ဒုတိယပတ်အတွင်း ရွာသွန်းခဲ့သည့်မိုးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း အမြန်လမ်းအပါအဝင် နေရာအတော်များများတွင် ကားလမ်းရေကျော်ခြင်း၊ တံတားများ၊ လမ်းများ ပျက်စီးခြင်း၊ တံတားချဉ်းကပ်ခုံများ ရေကျော်ခြင်းများ ရှိခဲ့သည်။

ယင်းရေကျော်မှုများကြောင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံ-မြစ်သား-ရေဝန်းလမ်းပိုင်း မိုင်တိုင်(၄၇)၊ ၆ ဖာလုံနှင့် ၇ ဖာလုံကြားတွင် ကားလမ်းရေကျော်ပျက်စီးခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လမ်းဦးစီးဌာနမှ ကြီးကြပ်၍ ပြုပြင်မြေဖို့ခြင်းများအား ယန္တရားအင်အား၊ လုပ်သားအင်အားများ သုံးကာ နေ့၊ ည ဆောင်ရွက်၍ စက်တင်ဘာ ၁၈ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

(ယာပုံ)
(ဝ၅၄)



**မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း မပြောရ။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများ ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်



နေပြည်တော် စက်တင်ဘာ ၁၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ မီးခံအုတ်စက်ရုံ၊ စက်ဘီးစက်ရုံ၊ အပ်ချုပ်စက်စက်ရုံ၊ ဖိနပ်စက်ရုံ၊ အမှတ်(၉)အထည်စက်ရုံတို့တွင် ကုန်ပစ္စည်းထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်း၌ လိုအပ်သော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ ဒေသခံပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးအတွက် အထည်ချုပ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊ ဖိနပ်ချုပ်လုပ်သည့် လုပ်ငန်းများကိုလည်း အရည်အသွေးကောင်းမွန်စွာဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့ရှိ ဆေးဝါးစက်ရုံ (အင်ရောင်း) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ရေကြီးရေလျှံမှုကြောင့် နေအိမ်များ မျောပါပျက်စီးခြင်း၊ နေအိမ်များအတွင်း ရေများဝင်ရောက်ခြင်းတို့ကြောင့် ပစ္စည်းများပျက်စီးဆုံးရှုံးခဲ့ရသည့် ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနမှ ကျောက်ဆည်ခရိုင်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနက် ရေလွှမ်းမိုးမှု သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု အများဆုံးအဆင့် ဝန်ထမ်းမိသားစု ၁၇ စု၊ ပျက်စီးဆုံးရှုံးမှု အလယ်အလတ်အဆင့် ဝန်ထမ်းမိသားစု ၄၂ စု၊ ပျက်စီးဆုံးရှုံးမှု အနည်းဆုံးအဆင့် ဝန်ထမ်းမိသားစု ၁၅၆ စု၊ စုစုပေါင်း ဝန်ထမ်းမိသားစု ၂၁၅ စုရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆိုပါဝန်ထမ်းမိသားစုများ၏ လိုအင်ဆန္ဒအတိုင်း ဖြည့်ဆည်းပေးနိုင်မှုမရှိသော်လည်း လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရေကြီးရေလျှံမှုများ ဖြစ်ပွားပြီးနောက် ရေကြောင့်ဖြစ်တတ်သည့် အူရောင်ငန်းဖျားရောဂါ၊ အဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ စသည့်ရောဂါများမဖြစ်ပွားအောင် အထူးသတိပြု နေထိုင်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များအား "အန္တရာယ်ဖြစ်ပွားမှုလျော့ပါးရေးနှင့် ကြိုတင်ကာကွယ်ခြင်း၊" "ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်အသင့်ပြင်ဆင်ခြင်း၊" "အရေးပေါ်တုံ့ပြန်ခြင်း"နှင့် "ပြန်လည်ထူထောင်ခြင်း"စသည့် အဆင့်(၄)ဆင့်ဖြင့် စီမံခန့်ခွဲကြကြောင်း၊ သဘာဝဘေးအန္တရာယ်များဖြစ်ပွားပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် "အန္တရာယ်ဖြစ်ပွားမှုလျော့ပါးရေးနှင့် ကြိုတင်ကာကွယ်ခြင်းအဆင့်"သည် အကောင်းဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်ရုံမှူးများက ရေကြီးရေလျှံမှုကြောင့် ဝန်ထမ်းများ၏နေအိမ်များ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရေကြီးရေလျှံမှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံးခဲ့ရသည့် အမှတ်(၇) အထည်စက်ရုံ(မြစ်သား)၊ အမှတ်(၉) အထည်စက်ရုံ (ကျောက်ဆည်)၊ အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)၊ ဆေးဝါးစက်ရုံ (အင်ရောင်း)တို့မှ ဝန်ထမ်းအိမ်ထောင်စု ၂၅၁ စုတို့ကို ငွေကျပ် ၄၅၅ သိန်း၊ ဖိနပ်အရန် ၂၅၀ နှင့် ခေါက်ဆားထုပ်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)သို့ ရောက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားသည့် ဆေးရုံသုံးပရိဘောဂများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ကျန်းမာရေးဝန်ကြီးဌာနမှ အမှာစာဖြင့် မှာယူထားသည့်ပစ္စည်းများကို အချိန်မီထုတ်လုပ်ပေးပို့နိုင်ရေး အလေးထား ဆောင်ရွက်ရန်၊ စက်ရုံမှထုတ်လုပ်သည့် ပစ္စည်းများနှင့် ပတ်သက်၍ အရည်အသွေးတစ်သမတ်တည်း ထိန်းသိမ်းထားနိုင်ရန်အတွက် အရည်အသွေး စစ်ဆေးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇)အထည်စက်ရုံခွဲ (ဝမ်းတွင်း)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ယခုရက်ပိုင်းအချိန်တွင် မိုးအဆက်မပြတ်ရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ဝန်ထမ်းများ၏ မိသားစုများ ထိခိုက်ပျက်စီးဆုံးရှုံးမှုအခြေအနေကို မေးမြန်းပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်းနှင့် တပ်ကုန်းမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၉

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်းနှင့် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥက္ကဋ္ဌက ရမည်းသင်းခရိုင်အတွင်း ရေကြီးရေလျှံမှုများကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းများ၊ လမ်း၊ တံတားများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုနှင့် ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်၊ လူသုံးကုန်နှင့် ကျန်းမာရေး ထောက်ပံ့ပေးနေမှုနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် ရေဘေးသင့်ဒေသများ မူလအခြေအနေထက် သာလွန်အောင် ဆောင်ရွက်သွားရန်၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေး အမြန်ဆုံး ဆောင်ရွက်သွားရန် မှာကြားပြီး ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၅၅ ဒသမ ၇၄၅ သိန်း တန်ဖိုးနှင့်ညီမျှသည့် ဆန်၊ ဆီအပါအဝင် စားသောက်ကုန်ပစ္စည်းများအား ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တွေ့ဆုံရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ပျော်ဘွယ်မြို့နယ်အတွင်း ရေကြီးရေလျှံခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ အပါအဝင် စားသောက်ကုန်ပစ္စည်း များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ်၊ အရှေ့လျှော်ဖြူကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးကာကွယ်ရေးစခန်းတွင် ရောက်ရှိနေသည့် လျှော်ဖြူကုန်းကျေးရွာ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ အပါအဝင် စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်း များကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ဘုရားငါးဆူလမ်းမှ နေပူကုန်း-ဆူးချင်ကုန်း ကျေးရွာချင်းဆက်လမ်းရေတိုက်စားပျက်စီးမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြင်ဆင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပျော်ဘွယ်မြို့ စိုက်ပျိုးရေးဦးစီးဌာန ဝါသီးနှံမျိုးသန့်ခြံရှိ ရှင်းလင်းဆောင်၌ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများ၊ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံပြီး ပျော်ဘွယ်မြို့နယ်အတွင်း သမဝါယမအသင်း (၃) သင်းမှ နေကြာစိုက်အသင်းသားတောင်သူ ၆၀ ၏ စိုက်ပျိုးမြေဧက ၂၁၂ ဧကအတွက် ရေဆင်းစပ်မျိုး နေကြာမျိုးစေ့နှင့် သွင်းအားစုများ တောင်သူများထံ ပေးအပ်သည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာအုပ်စု ညောင်အိုင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွှေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေ ဖြန့်ဝေပေးနေမှု၊ ကျေးရွာရှိ စက်ရေတွင်း၊ လူနေအိမ်များနှင့် စာသင်ကျောင်း ရေကြီးနစ်မြုပ်ခဲ့ပြီး နုန်းများ တင်ကျန်နေမှု၊ ကျေးရွာချင်းဆက်လမ်းများ လမ်းပခုံးပျက်စီးမှု အခြေအနေများကိုလည်းကောင်း၊ ချောင်းခွကျေးရွာအဝင် နဝင်းချောင်းတံတား(ချောင်းခွ) တံတားကမ်းကပ်ခုံများ ပျက်စီးခြင်း၊ ချဉ်းကပ်လမ်း ရေတိုက်စား၍ လမ်းတာပေါင် ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ပြန်လည်ပြင်ဆင် ဆောင်ရွက်ပြီးမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဆွေးနွေးမှာကြားကာကျေးရွာ၌ အခြေချပြန်လည်နေထိုင်သည့် ချောင်းခွကျေးရွာရှိ အိမ်ထောင်စု (၅၈) စု၊ မကျီးပင်ကျေးရွာရှိ အိမ်ထောင်စု(၂၀)၊ အမှတ်(၁၀၉) ခြေမြန်တပ်ရင်းရှိ ရေဘေးသင့် တပ်မိသားစုများနှင့် ရေဘေးရှောင် အိမ်ထောင်စု (၁၁၀) တို့အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်(၆) ပြည်နှင့် ဆီ(၅၀)သားစီ ထောက်ပံ့ပေးအပ်သည်။

တပ်ကုန်းမြို့နယ် ချောင်းခွကျေးရွာအဝင် နဝင်းချောင်းကူးတံတား(ချောင်းခွ)အား ပြန်လည်ပြင်ဆင်ပြီးဖြစ်ပါသဖြင့် အများပြည်သူများ ပုံမှန်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

သတင်း-စာမျက်နှာ ၂၄


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့
၁၉-၉-၂၀၂၄


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့
၁၉-၉-၂၀၂၄


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
၁၉-၉-၂၀၂၄


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
၁၉-၉-၂၀၂၄


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့
၉.၂၀၂၄


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့
၉.၂၀၂၄


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့
၁၉.၉.၂၀၂၄
ကျပ်(၅၀)သိန်း


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့
၁၉.၉.၂၀၂၄
ကျပ်(၅၀)သိန်း


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့
၁၉.၉.၂၀၂၄
ကျပ်(၅၀)သိန်း


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့
၁၉.၉.၂၀၂၄
ကျပ်(၅၀)သိန်း


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့
၁၉.၉.၂၀၂၄
ကျပ်(၅၀)သိန်း


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့
၁၉.၉.၂၀၂၄
ကျပ်(၅၀)သိန်း

သတင်း-စာမျက်နှာ ၂၄










■ စာမျက်နှာ ၂၄ မှ

ယင်းနောက် ရန်ကုန်-မန္တလေးလမ်းဟောင်း ရေတာရှည်-တောင်ငူလမ်းပိုင်း မိုင် (၁၆၂/၇) တောင်ငူမြို့အဝင်အထိ ကားလမ်းရေကျော်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေကျော်သည့်နေရာများတွင် အန္တရာယ်ရှိ သတိပေးဆိုင်းဘုတ်များ၊ ယာဉ်လမ်းကြောင်းပြအမှတ်အသားများ ထားရှိရန်နှင့် ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့ သာသနဟိတကာရီဗိမာန်၌ ဖွင့်လှစ်ထားသည့် တောင်ငူခရိုင် ရေဘေးကွပ်ကဲမှုရုံးသို့ ရောက်ရှိကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံခဲ့မှု၊ ထောက်ပံ့မှုနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တောင်ငူခရိုင် ခေတ္တအုပ်ချုပ်ရေးမှူးက တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံဖြစ်ပွားခဲ့မှုနှင့် ကူညီကယ်ဆယ်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ချက်ချင်း အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်သော်လည်း စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းအလိုက် အလှူရှင်များက လာရောက်လှူဒါန်းမှုအပေါ် ကြိုဆိုသော်လည်း အစာအဆိပ်သင့်ခြင်းဆိုင်ရာနှင့် အခြားကျန်းမာရေးဆိုင်ရာ ပြဿနာများ မဖြစ်ပွားစေရေး သက်ဆိုင်ရာ ယာယီရေဘေးရှောင်စခန်းတာဝန်ခံ ဌာနဆိုင်ရာများက ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်သည် အစဉ်အမြဲ ကြုံတွေ့ရနိုင်သဖြင့် လူအသင့်၊ စက်ယာဉ်ယန္တရားအသင့်ရှိရန်နှင့် ဒေသခံပြည်သူများလည်း သဘာဝဘေးဆိုင်ရာ အသိပညာများ တိုးပွားစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ယာယီပိတ်ထားခဲ့သည့် ကျောင်းများ၊ ဆေးခန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်သကဲ့သို့ ရေဝင်ရောက်၍ ပိတ်ထားရသည့် ဌာနဆိုင်ရာရုံးများ၊ ရုံးလုပ်ငန်းများ၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေး အခြားရုံးများတွင် တွဲဖက်ဖွင့်လှစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောင်ငူဒေသတွင် သဘာဝဘေးဖြစ်ပွားမှုနှင့်ပတ်သက်၍ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး အထူးအလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် တောင်ငူခရိုင် ရေဘေးကွပ်ကဲမှုရုံးသို့ ဧရာဝတီဖောင်ဒေးရှင်းက လာရောက်လှူဒါန်းသည့် ဆန်အိတ် ၁၀၀၀ နှင့် ပွင့်ထူးစံကုမ္ပဏီက လှူဒါန်းသည့် ငွေကျပ် သိန်း ၅၀၀ ကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ဦးစိုင်းမွန်(မုန်းဝင်းမြန်မာ)မိသားစုက လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၁၀၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း၊ ပဲခူးနှင့် သနပ်ပင်မြို့နယ်ရှိ လုပ်ငန်းရှင်များက လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၇၀ ကို တိုင်းမှူးကလည်းကောင်း လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့(၁၀)ရပ်ကွက် အုတ်ကျုတ်(၁)မူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ ရေဘေးသင့် အိမ်ထောင်စု ၁၁၈ စု၊ လူဦးရေ ၄၁၃ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် အခြေခံစားသောက်ကုန်များ၊ ကလေးငယ်များအတွက် အာဟာရမုန့်များ ပေးဝေပြီး ယာယီရေဘေးရှောင်စခန်း၌ ချက်ပြုတ်ကျွေးမွေးနေမှုနှင့် သောက်သုံးရေသန့် စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တောင်ငူမြို့ အမှတ်(၁)ရပ်ကွက် ရွှေဂူကြီးဘုရား၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စု ၇၃ စု၊ လူဦးရေ ၂၇၂ ဦးအတွက် စောင်၊ ခြင်ထောင်၊ ခေါင်းအုံးနှင့် အခြေခံစားသောက်ကုန်များ၊ကလေးငယ်များအတွက် အာဟာရမုန့်များ ထောက်ပံ့ပေးအပ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေဘေးရှောင်စခန်းအလိုက် ချက်ပြုတ်ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့

၁။ ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကျန်းမာကြံ့ခိုင်လာစေသည်။
၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။
၃။ အဆီလျှော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။
၄။ ဦးနှောက်နှင့် အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
၅။ ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး ရောဂါများကို ကာကွယ်ပေးနိုင်သည်။
၆။ အကြော၊ အချဉ်၊ အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်သည်။
၇။ သွေးလည်ပတ်မှု ကောင်းမွန်ပြီး အိပ်ပျော်၊ စားဝင်စေသည်။
၈။ စိတ်ဖိစီးမှုလျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။
၉။ နေ့စဉ်ပုံမှန် မိနစ်(၃၀)ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်စေနိုင်သည်။

**အားကစားနှင့်ကာယပညာဦးစီးဌာန**

# သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေး

**တံတားဦး စက်တင်ဘာ ၁၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိစေရေးအတွက် ကျေးလက်ရေရရှိရေးလုပ်ငန်းများ အသစ်ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းများကို သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်အတွင်း စက်တင်ဘာ ၁၃ ရက်က မြစ်ရေဝင်ရောက်မှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများအနက် ပန်းယျကျေးရွာအုပ်စု၊ ပန်းယျ(တ)ကျေးရွာသို့ ယမန်နေ့နံနက်ပိုင်းက တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စု၊ ခရိုင်၊ မြို့နယ် တာဝန်ခံ အင်ဂျင်နီယာများ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် ရေနစ်မြုပ်ခဲ့သည့် မြစ်ရေတင်စနစ် ရေပေးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးကြသည်။



ပန်းယျ(တ)ကျေးရွာတွင် အိမ်ခြေ ၉၀ ၊ လူဦးရေ ၃၅၀ နေထိုင်ပြီး ပန်းလောင်မြစ်မှ ရေအား မြစ်ရေတင်စနစ်ဖြင့်စုပ်တင်ကာ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်မှတစ်ဆင့် ကျေးရွာအတွင်းသို့ အိမ်တိုင်ရာရောက် ရေမီတာစနစ်ဖြင့် သုံးစွဲကြောင်း၊ သဘာဝဘေးမြစ်ရေဝင်ရောက်မှုကြောင့် ရေစက်ရုံနစ်မြုပ်ခဲ့ရ၍ အင်ဂျင်စက်များ ပျက်စီးမှုဖြစ်ပေါ်ခဲ့ရသော်လည်း သောက်သုံးရေအခက်အခဲမရှိစေရေးအတွက် စည်းရုံးကာ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ပြန်လည်ပြုပြင်နိုင်ခဲ့ခြင်းကြောင့် ပန်းယျ(တ)ကျေးရွာတွင် သောက်သုံးရေ အခက်အခဲမဖြစ်ပေါ်ဘဲ ပုံမှန်လည်ပတ်သုံးစွဲနေပြီဖြစ်ကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ထိုက်ထိုက်ပြည့်ဖြိုးလွင်က ပြောသည်။

(ဝဲပုံ) (ဝ၄ဝ)

# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ




## ဈေးကွက်လည်ပတ်စီးဆင်းမှု ပိုမိုကောင်းမွန်စေရန် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအပေါ် ဖြေလျှော့ပေး

**ဟနွိုင်း စက်တင်ဘာ ၁၉**

ပြည်တွင်းဈေးကွက်လည်ပတ်စီးဆင်းမှု ပိုမိုကောင်းမွန်စေရန် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအပေါ် ဗီယက်နမ်အစိုးရက ဖြေလျှော့ပေးရန် မကြာသေးမီက ဆုံးဖြတ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခင်က သတ်မှတ်ထားသော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ သီးခြားထားရှိရမည့် ကြိုတင်ငွေဆိုင်ရာ မူဝါဒကို မတင်းကျပ်တော့ဘဲ ဖြေလျှော့ပေးမည့်သဘောဖြစ်သည်။

လာမည့် နိုဝင်ဘာ ၂ ရက်မှ စတင်အကျိုးသက်ရောက်မည့် ယင်းဖြေလျှော့မှုကြောင့် ဗီယက်နမ်နိုင်ငံသို့ နိုင်ငံခြားသားများ လာရောက်ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြင့်လာမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**Mon**

## ဆန်းသစ်သော လျှပ်စစ်ကားပုံစံသစ်တစ်မျိုး လို့တပ်စ်ကုမ္ပဏီက အထူးတလည် မိတ်ဆက်ပြသ

**ဝါရှင်တန် စက်တင်ဘာ ၁၉**

ဆန်းသစ်သော လျှပ်စစ်ကားပုံစံသစ်တစ်မျိုးကို ဗြိတိန်နိုင်ငံအခြေစိုက် လို့တပ်စ်ကုမ္ပဏီ မကြာသေးမီက အထူးတလည် မိတ်ဆက်ပြသခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သီအိုရီဝမ်းဟု အမည်ပေးထားသော ထိုလျှပ်စစ်ကားကို မှတ်ဉာဏ်တု၊လူ၏စိတ်ခံစားမှုနှင့် သမားရိုးကျ စက်ပိုင်းဆိုင်ရာ စနစ်သုံးမျိုးပေါင်းစပ်ခြင်းဖြင့် ဖန်တီးသွားမည်ဖြစ်ကြောင်း ကုမ္ပဏီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၃၆၀ ဒီဂရီ ဖြန့်ကြက်ထောက်လှမ်းပေးသော လုံခြုံရေးကင်မရာ စနစ်တပ်ဆင်ထားပြီး ကားပတ်ဝန်းကျင်အခြေအနေအားလုံးကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်စေမည်ဟု ဆိုသည်။

ဖော်မြူလာဝမ်း ပြိုင်ကားများ၏ပုံစံကို အတုယူမှီငြမ်းထားသဖြင့် ပြိုင်ကားများ၏ အမြန်နှုန်းအတိုင်း မောင်းနှင်နိုင်မည်ဟုလည်း မျှော်လင့်ထားကြောင်း သိရသည်။

**Mon**





## သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးလှုပ်ရှားမှုများ သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် ပြုလုပ်လျက်ရှိ

**ကိုလံဘို စက်တင်ဘာ ၁၉**

၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးလှုပ်ရှားမှုများကို သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် ပြုလုပ်လျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တိုင်းပြည်ဖွံ့ဖြိုးမှုနှောင့်နှေးအောင် နှစ်ပေါင်းများစွာ အဟန့်အတားပြုခဲ့သော တမီးလ်ကျားသူပုန်များ ပပျောက်အောင် စွမ်းဆောင်ခဲ့သည့် သမ္မတဟောင်း ဂိုတာဘာယာ ရာဂျာပတ်ဆာကို အကျင့်ပျက်ခြစားသည်ဟု စွပ်စွဲကာ သီရိလင်္ကာနိုင်ငံရှိ လူအုပ်ကြီးက နှင်ထုတ်ခဲ့ပြီးနောက် သမ္မတသစ် ရွေးကောက်တင်မြှောက်ရန် ကြိုးပမ်းနေကြခြင်းဖြစ်သည်။

နာမည်စာရင်းတင်သွင်းထားသော သမ္မတလောင်း ၃၈ ဦးရှိရာ ၎င်းတို့အနေဖြင့် နေရာဒေသအသီးသီးတွင် မဲဆွယ်စည်းရုံးမှုများ သီးခြားစီပြုလုပ်နေကြသည်။

အဆိုပါသမ္မတလောင်းများအနက် လက်ဝဲဝါဒီသမ္မတလောင်း အနူရာကုမာရဒိဿနာယကေကို အလားအလာအရှိဆုံးအဖြစ် နိုင်ငံရေးလေ့လာသူများက ထင်ကြေးပေးနေကြောင်း သိရသည်။

**Mon**

## လာနီညာရာသီဥတုဖြစ်စဉ်အပြောင်းအလဲများ တွေ့နေရ အောက်တိုဘာနှင့် နိုဝင်ဘာ၌ အပူလျော့နည်းလာဖွယ်ရှိ

**ဂျီနီဗာ စက်တင်ဘာ ၁၉**

သမုဒ္ဒရာအသီးသီးတွင် လာနီညာရာသီဥတုဖြစ်စဉ်အပြောင်းအလဲများ တွေ့နေရပြီဖြစ်ရာ လာမည့် အောက်တိုဘာနှင့် နိုဝင်ဘာ၌ ကမ္ဘာ့အပူချိန်လျော့နည်းလာဖွယ်ရှိသည်ဟု ကုလသမဂ္ဂ ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းက ထုတ်ပြန်ကြေညာထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စက်တင်ဘာနှင့် နိုဝင်ဘာနှစ်လအကြားတွင် လာနီညာရာသီဥတုဖြစ်စဉ် ကြုံတွေ့ရမည့် အလားအလာ ၅၅ ရာခိုင်နှုန်းရှိပြီး အောက်တိုဘာနှင့် နောက်နှစ်ဖေဖော်ဝါရီအကြား အလားအလာ ၆၀ ရာခိုင်နှုန်းရှိမည်ဟု ကုလသမဂ္ဂ ရာသီဥတုပညာရှင်များ ယခု တွက်ချက်ခန့်မှန်းသည်။

ဇူလိုင်နှင့် စက်တင်ဘာအကြား လာနီညာဖြစ်နိုင်ခြေ ၆၀ ရာခိုင်နှုန်း၊ ဩဂုတ်နှင့် နိုဝင်ဘာအကြား ဖြစ်နိုင်ခြေ ၇၀ ရာခိုင်နှုန်းအထိရှိသည်ဟု လွန်ခဲ့သော ဇွန်လက ယင်းပညာရှင်များ ခန့်မှန်းခဲ့ကြသည်။

ပူလိုက်၊ မိုးသည်းထန်လိုက် တစ်လှည့်စီဖြစ်သည့် ရာသီဥတုဖြစ်စဉ်အပြီးတွင် သမုဒ္ဒရာရေပြင်အေးလာရာမှ လာနီညာ တစ်ကြော့ပြန်ရောက်လာတော့မည်ဟု ရာသီဥတုပညာရှင်များ တွက်ချက်ထားကြခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



မလေးရှားနိုင်ငံ ပီနန်ကျွန်းရှိ ဂျော့ချ်တောင်းမြို့ တစ်နေရာတွင် အမြစ်မှကျွတ်ထွက်လာသည့် သစ်ပင် ကားပေါ်ပိသွားသဖြင့် သေဆုံးသွားသော တရုတ်နိုင်ငံသား နှစ်ဦးကို စက်တင်ဘာ ၁၈ ရက်က ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ထုတ်ယူရန် ကြိုးစားနေကြစဉ်။ **Mon**



## ဘရာဇီးလီးယားမြို့ပြင်ဘက်၌ လောင်နေသောတောမီး ရက်ပိုင်းအတွင်း ထိန်းချုပ်နိုင်ရန် လွယ်ကူမည်မဟုတ်

**ဘရာဇီးလီးယား စက်တင်ဘာ ၁၉**

ဘရာဇီးလီးယားမြို့ပြင်ဘက်၌ လောင်နေသော တောမီးကို ရက်ပိုင်းအတွင်း ထိန်းချုပ်နိုင်ရန် လွယ်ကူမည် မဟုတ်ဟု မီးသတ်တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၈ ရက်တွင် သုံးသပ်ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းတောမီးကို စက်တင်ဘာ ၁၅ ရက်တွင် စတင်အင်အားတိုးမြှင့်ငြိမ်းသတ်ခဲ့ကြသော်လည်း ဘရာဇီးလီးယားအမျိုးသားဥယျာဉ်ထဲတွင် တောမီးသည် သစ်ပင်များကို ဆက်လက်ဝါးမျိုတောက်လောင်နေဆဲပင် ဖြစ်သည်။



မိုးမရွာသော ရက်ပေါင်း ၁၀၀ ကျော်အတွင်း ဘရာဇီးလီးယားအမျိုးသားဥယျာဉ်တောမီးကြောင့် သစ်တောဟက်တာပေါင်း ၁၂၀၀ ကျော် ဆုံးရှုံးခဲ့ရကြောင်း ပြည်တွင်းအမျိုးသားဥယျာဉ်များဆိုင်ရာ ပြောခွင့်ရသူက ရှင်းပြသည်။

ဘရာဇီးနိုင်ငံတွင် အဆိုပါဥယျာဉ်နှင့် အခြားသစ်တောပိုင်နက်များထဲ၌ စက်တင်ဘာလအတွင်း တောက်လောင်ခဲ့သော တောမီးအရေအတွက် ၅၅၅၁၇ ရှိပြီဟု ဆိုသည်။

ထိုတောမီးအများစုသည် လူတို့၏ မဆင်ခြင်မှုကြောင့် တောက်လောင်ခဲ့ခြင်းဖြစ်သည်ဟု ပတ်ဝန်းကျင်သုတေသီများက ဝေဖန်ထောက်ပြကြောင်း သိရသည်။

**Mon**

## အသက် ၁၀ နှစ်အရွယ် ဂျပန်ကျောင်းသားတစ်ဦး တရုတ်နိုင်ငံတောင်ပိုင်း ရှင်ကျန်းမြို့၌ အသတ်ခံရ

**ပေကျင်း စက်တင်ဘာ ၁၉**

အသက် ၁၀ နှစ်အရွယ် ဂျပန်ကျောင်းသားတစ်ဦး တရုတ်နိုင်ငံတောင်ပိုင်း ရှင်ကျန်းမြို့၌ မကြာသေးမီက အသတ်ခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရှင်ကျန်းဂျပန်ဘာသာစကားသင်တန်းကျောင်းတက်ရောက်နေသော ထိုကျောင်းသားကို အသက် ၄၄ နှစ်အရွယ် ကျူးဟု အမည်ရသော အမျိုးသားက ဓားဖြင့်ထိုးပြီး သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်ဖခင်နှင့် တရုတ်မိခင်တို့မှ မွေးဖွားလာသော အဆိုပါဂျပန်ကျောင်းသားသည် ဂျပန်နိုင်ငံသားခံယူထားသဖြင့် ပြစ်မှုကျူးလွန်သူကို ထိရောက်စွာ အပြစ်ပေးရန် ဂျပန်ဝန်ကြီးချုပ်ကိုယ်တိုင်က စက်တင်ဘာ ၁၈ ရက်တွင် တောင်းဆိုခဲ့ကြောင်း သိရသည်။

**Mon**

STOP AIDS

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ သစ်ပင်များလဲကျ လမ်းပိတ်ဆို့နေမှုများအား ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ ရှင်းလင်းဖယ်ရှား

**ညောင်ဦး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ ညောင်ဦးမြို့နယ်အတွင်း အိမ်ပြိုလဲခြင်း၊ သစ်ပင်များပြိုလဲကာ လမ်းများ ပိတ်ဆို့နေခြင်းတို့အား ညောင်ဦး ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ကူညီရှင်းလင်းဆောင်ရွက်ခဲ့သည်။



ညောင်ဦးမြို့နယ်အတွင်း စက်တင်ဘာ ၁၁ရက်နှင့် ၁၂ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမှတ်(၁)၊ သီရိမင်္ဂလာရပ်ကွက်တွင် နေအိမ်တိုင်များ ကြံ့ခိုင်မှုအားနည်းခြင်းကြောင့် နေအိမ်ပြိုလဲခြင်း၊ အမှတ်(၁) ရပ်ကွက်၊ သာယာဝတီလမ်းတွင် ကန္တာရပင်ပြိုလဲကာ လမ်းပိတ်ဆို့နေခြင်း၊ အမှတ်(၃)ရပ်ကွက်၊ ငှက်ပစ်တောင်လမ်းတွင် နှစ်သက်တမ်း(၃၀)ခန့်ရှိ ထနောင်းပင်ပြိုလဲနေခြင်း၊ အမှတ်(၁)၊ သာယာဝတီရပ် မီးပွိုင့်လမ်းဆုံအနီးနှစ်သက်တမ်း ၁၂၀ ခန့်၊ လုံးပတ် ၁၃ ပေ၊ အမြင့် ၃၅ပေခန့်ရှိ တမာပင်ကြီး လမ်းပိတ်ဆို့လဲနေခြင်းတို့အား ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲမင်းထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ညောင်ဦးခရိုင်မီးသတ်တပ်ဖွဲ့မှ ဦးစီးအရာရှိ ဦးကျော်နိုင်လင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များသည် အထောက်အကူပြုယာဉ်၊ မီးသတ်ယာဉ်နှင့် လူမှုကယ်ဆယ်ရေးယာဉ်တို့ဖြင့် အစုအဖွဲ့များခွဲကာ လဲပြိုနေသည့်အိမ်နှင့် လမ်းပိတ်ဆို့လဲကျနေသည့် သစ်ပင်တို့အား ရှင်းလင်းဆောင်ရွက်ခဲ့သည်။ အဆိုပါသစ်ပင်များ လဲကျမှုနှင့် အိမ်ပြိုမှုတို့ကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှု မရှိခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၈၁)



## ပြည်ကြီးတံခွန်မြို့နယ် ဂိုထောင်မီးလောင်မှုဖြစ်ပွား

**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၃၈လမ်းနှင့် ၁၃၉လမ်းကြားရှိ ဦး××××× ပိုင်ဆိုင်သော (၄၀ × ၆၀)၊ Steel Structure တစ်ထပ်၊ ဂိုထောင် မီးလောင်မှု စက်တင်ဘာ ၁၈ ရက်ညနေ ၆ နာရီခွဲက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၉၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂၀ ဦးတို့သည် မီးငြိမ်းသတ်ယာဉ် ၁၅စီး၊ မီးသတ်ရေသယ်ယာဉ် အစီး၂၀၊ အုပ်ချုပ်မှုယာဉ်လေးစီး၊ LUF-60 မီးငြိမ်းသတ်ယာဉ်တစ်စီး၊ လူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ပေ(၄၀ × ၆၀)၊ Steel Structure အုတ်ကာ၊ သွပ်မိုး တစ်ထပ် အဆောက်အအုံ ဂိုထောင်အတွင်းရှိ ကုန်ပစ္စည်းများ မီးလောင်ကျွမ်းခဲ့ပြီး မီးလောင်သည့် အကြောင်းအရင်းနှင့် ပျက်စီးဆုံးရှုံးမှုများအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၇)

## ရေဘေးအန္တရာယ်နှင့် မြေပြိုအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သိရှိလိုက်နာနိုင်ရန် လိုက်လံသတိပေးနှိုးဆော်

**ပွင့်ဖြူ စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်အတွင်းရှိ ပြည်သူများ မိုးရာသီကာတွင် ဖြစ်ပွားလေ့ရှိသော ရေကြီးရေလျှံမှုအန္တရာယ်နှင့် ရေတိုက်စားမှုကြောင့် မြေပြိုကျမှုအန္တရာယ်များနှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်နိုင်ရန်နှင့် လိုအပ်သော ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းကူညီဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ ယမန်နေ့က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မုန်းချောင်းဘေးတစ်လျှောက်ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ သွားရောက်ပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင်၏ ကြီးကြပ်မှုဖြင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ မုန်းချောင်းနှင့် ထိစပ်လျက်ရှိသော ပွင့်ဖြူမြို့သက်တော်ရှည်ရပ်ကွက်၊ အနောက်ပိုင်းရပ်ကွက်နှင့် တောင်အင်းကျေးရွာသို့ သွားရောက်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားခြင်း၊ မြေပြိုကျခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ထိခိုက်မှု ကင်းဝေးစေရန်နှင့် အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား



အချိန်နှင့်တစ်ပြေးညီ ကူညီတုံ့ပြန်ဖြေရှင်းနိုင်ရေးအတွက် ကြိုတင်ကာကွယ်သတိပြုရမည့် ရေဘေးအန္တရာယ်နှင့် မြေပြိုဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို ပြည်သူများ သိရှိလိုက်နာနိုင်ရန် Hand Speaker ဖြင့် လိုက်လံသတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ပွင့်ဖြူမြို့နယ်အတွင်း ရေဘေးအန္တရာယ်၊ မြေပြိုဘေးအန္တရာယ်နှင့် အခြားသောသဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်ရမည့်လုပ်ငန်းများအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိလိုက်နာနိုင်ရေးအတွက် ကျန်ရှိသည့် မုန်းချောင်းဘေးတစ်လျှောက် ကျေးရွာများကိုလည်း အသိပညာပေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင်က ပြောသည်။

(အပေါ်ပုံ)

(၄၄၅)

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**တာချီလိတ် စက်တင်ဘာ ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၁၇ ရက် ညနေ ၃ နာရီက တာချီလိတ်မြို့နယ်၊ လွယ်စီတုံ(အပေါ်)ကျေးရွာအနီးရှိ ဥမ္မာမြင့်ဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ လွယ်စီတုံ(အောက်)ကျေးရွာနေ လီဆာဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိခဲ့သည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်စပ်လျဉ်း၍ ဥမ္မာမြင့်(၂၇)နှစ်နှင့် လီဆာ(၃၈)နှစ်တို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ဝေါမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်က သက်သေများနှင့်အတူ ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ရန်ကုန်မြို့ဘက်မှ သထုံမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် မို့မို့ဦးဆိုသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅၀နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မို့မို့ဦး(၆၃)နှစ်အား ဝေါမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

အားကစားမြင့်တင် စိတ်လန်းရွှင်

ဆန့်ကျင်မူးယစ်ဆေး။

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

**၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၉ ရက်**

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာ တွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတု အခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ပွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့် အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါ အစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကို ထိခိုက်စေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ**
**စီမံခန့်ခွဲမှုကော်မတီ**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေလက်ခံမည့်အစီအစဉ်များ အသိပေးကြေညာခြင်း

မုန်တိုင်းရာဂီ၏ သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုအား ကူညီထောက်ပံ့နိုင်ရန်အတွက် လှူဒါန်းငွေများကို ၂၁-၉-၂၀၂၄ ရက်(စနေနေ့) မွန်းလွဲ(၂)နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် လက်ခံသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်-

(၁) ဒေါ်လှဲ့လှဲ့အေး၊ ညွှန်ကြားရေးမှူးချုပ်၊
ဖုန်းနံပါတ် ၀၉-၂၀၂၁၄၉၁

(၂) ဦးဝင်းရွှေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊
ဖုန်းနံပါတ် ၀၉-၂၅၄၁၇၀၀၁၁

(၃) ဒေါ်စုစုထွန်း၊ ညွှန်ကြားရေးမှူး၊
ဖုန်းနံပါတ် ၀၉-၄၃၀၀၉၂၉၁

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# လေပွေလှိုင်း၏အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်းများ၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်




**နေပြည်တော် စက်တင်ဘာ ၁၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အထူးမိုးလေဝသ သတင်းအနေဖြင့် စက်တင်ဘာ ၁၉ ရက် ညနေ ၅ နာရီခွဲအချိန် ထုတ်ပြန်သည့် အပူပိုင်းမုန်တိုင်း "ဆိုးလစ်ခ်"သည် ယနေ့ ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ ကမ်းခြေကို ဒါနန်းမြို့၏ မြောက်ဘက်မှ ဖြတ်ကျော်လျက်ရှိသည်။

စက်တင်ဘာ ၂၀ ရက်တွင် အကြွင်းအကျန် တိမ်တိုက်များနှင့် လေပွေလှိုင်းသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများသို့ စတင်ဖြတ်ကျော်နိုင်သည်။

အဆိုပါ လေပွေလှိုင်း၏အရှိန်ကြောင့် စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်းများ၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ကြီးတံခွန် ရွာသစ်ကလေးကျေးရွာတွင် တပ်မတော်က တပ်သားသစ်စုဆောင်းမှုအဖြစ် ပေါ်တာဆွဲဖမ်းဆီးခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရွာသစ်ကလေးကျေးရွာမှ အမျိုးသား ၂၀ ကျော်ကို စက်တင်ဘာ ၁၆ ရက် နံနက် ၅ နာရီတွင် တပ်မတော်နှင့် ကျေးရွာအုပ်ချုပ်ရေး ပူးပေါင်းအဖွဲ့က ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းသည် တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် နိုင်ငံကိုအလုံးစုံ ပျက်သုဉ်းလိုသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များကို လက်မခံနိုင်သော မျိုးချစ်လူငယ်များအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အမြဲတမ်းထမ်းဆောင်လိုသည့်အတွက် တပ်မတော်ထဲသို့ လာရောက်ဝင်ရောက်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများသို့ တက်ရောက်ရန်အတွက် လည်း မိမိဆန္ဒအလျောက် လာရောက်ဆန္ဒပြုသူများလည်း ရှိကြောင်း၊ လက်ရှိတွင် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၅) အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး




သင်တန်းဆင်းပြီးသော နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းစစ်သည်များသည်လည်း တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ အဆိုပါမြို့နယ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများ သိရှိစေရန်အတွက် နိုင်ငံပိုင်မီဒီယာများမှ စဉ်ဆက်မပြတ် ဖော်ပြပေးလျက်ရှိကာ ဆက်သွယ်မေးမြန်းနိုင်သည့် ဖုန်းနံပါတ်များသို့လည်း စုံစမ်းမေးမြန်းနိုင်ကြောင်းနှင့် ပြည်သူများ စိုးရိမ်ပူပန်မှုမြင့်တက်စေရန်နှင့် လူငယ်များ လမ်းမှားရောက်စေရန် ရည်ရွယ်ပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ဝါဒဖြန့်ထုတ်လွှင့်နေခြင်းသာဖြစ်သည်။ **သတင်းစဉ်**

# အမျိုးသမီးတစ်ဦးကို တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားသူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၉**

အမျိုးသမီးတစ်ဦးကို တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် (၁၀)နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နေ မချယ်ရီမင်းမင်း(ခ)ချယ်ရီနှင့် နန်းမားကျေးရွာနေ မကေသီစိုး(ခ)ချိုချိုတို့က ရှမ်းပြည်နယ် သီပေါမြို့နယ်နေ မ--၊ ၁၈နှစ်ကို တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားယူရမည့်အလုပ်လုပ်ပါက ယွမ် ၁၅၀၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံးကာ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစား၍ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် မူဆယ်မြို့မရဲစခန်း (ပ)၉၇/၂၀၂၄၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၁၈ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ တရားခံ မကေသီစိုး(ခ)ချိုချိုကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ငွေကျပ် သိန်း ၁၀၀၀ မ,တည်လှူဒါန်းသွားမည်

**မန္တလေး စက်တင်ဘာ ၁၉**

ရေဘေးကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ငွေကျပ်သိန်း ၁၀၀၀ မ,တည်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF) မှ စက်တင်ဘာ ၁၄ ရက်တွင် အသိပေး ထုတ်ပြန်ထားခြင်း ဖြစ်သည်။

ယခု စက်တင်ဘာလတွင် ဖြစ်ပွားနေသည့် ရေဘေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အပါအဝင် ညီနောင်အသင်းအဖွဲ့များနှင့် အသင်းဝင်များမှ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးဆောင်ရွက်နေကြသည့် အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအကျိုးပြု အရပ်ဘက်အဖွဲ့အစည်းများနှင့် ရေဘေးကယ်ဆယ်ရေးစခန်းများ၊ ယာယီခိုလှုံနေထိုင်သော စခန်းများအတွက် ချက်ပြုတ်ကျွေးမွေးရန် ဆန်အိတ်များကို လှူဒါန်းသွားမည်ဖြစ်ကြောင်း MRF ၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် ရေဘေးသင့်ဒေသများထံသို့ ပေါ်ဆန်း၊ ဧည့်မထဆန်အိတ်များ လှူဒါန်းလိုသော အလှူရှင်များအတွက် ရည်ညွှန်းဆန်ဈေးနှုန်းများအတိုင်း ဆန်အိတ်များကို သက်သာသောဈေးဖြင့် ရောင်းချပေးရန်လည်း စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ (ဝဲပုံ)



အလားတူ ကျေးလက်ဒေသများတွင် ရေဘေးမှ ပြန်လည်ထူထောင်ရေးလုပ်ငန်း အထူးသဖြင့် လယ်ယာမြေများတွင် သင့်လျော်သော သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သောမျိုး၊ သွင်းအားစု၊ ငွေကြေးထောက်ပံ့မှုများကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် မ,တည်ငွေအဖြစ် ငွေကျပ်သိန်း ၁၀၀၀ စတင်မ,တည်ပြီး အသင်းဝင်များ၏ ပူးပေါင်းမှုဖြင့် ကူညီဆောင်ရွက်သွားမည် ဖြစ်သည်။

ထို့ကြောင့် အထောက်အပံ့၊ အကူအညီ လိုအပ်သော အဖွဲ့အစည်းများ၊ ပါဝင်လှူဒါန်းလိုသော အလှူရှင်များ၊ လှူဒါန်းရန် ဆန်လိုအပ်သည့် အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအနေဖြင့် ဆက်သွယ်ရန် အသိပေးထားပြီး ဆက်သွယ်လိုသူများအနေဖြင့် Viber ဖုန်း ၀၉-၄၀၀၀ ၆၇၂၅၀ ၊ ၀၉- ၄၀၀၀၆၇၂၀ နှင့် Email-eo@mrf.com.mm သို့ ဆက်သွယ်နိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားကြောင်း သိရသည်။(**မန္တလေးနေ့စဉ်-၆**)



# ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် သဘာဝဆိုးဆေးနည်းပညာသင်တန်း အခမဲ့ဖွင့်လှစ်သင်ကြား

**မန္တလေး စက်တင်ဘာ ၁၉**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အမရပူရမြို့နယ်၊ မန္တလေး-စစ်ကိုင်းလမ်းရှိ ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံတွင် သဘာဝဆိုးဆေးနည်းပညာသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျောင်းအုပ်ကြီးက သဘာဝဆိုးဆေးသည် ရှေးယခင်ကတည်းက အရွက်၊ အသီးအခေါက်များနှင့် ဆိုးခဲ့ကြကြောင်း၊ ထိုမှ အဆင့်ဆင့်တိုးတက်၍ ဓာတုဗေဒဆိုးဆေးများ ပေါ်လာကြောင်း၊အရောင်လှသဖြင့် သဘာဝဆိုးဆေးများ ပျောက်ကွယ်ခဲ့ကြောင်း၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာကျောင်းမှ ထိန်းသိမ်းထားပြီး ၂၀၁၃ ခုနှစ်မှ စတင်ပြီး သဘာဝဆိုးဆေးနည်းပညာသင်တန်းများ တစ်နှစ်လေးကြိမ်ဖွင့်လှစ်ခဲ့ကြောင်း၊ရိုးရာအမွေထိန်းသိမ်းပြီး အောင်မြင်သောလုပ်ငန်းရှင်ဖြစ်အောင် ကြိုးစားသင်ယူကြရန် ပြောကြားသည်။ ဆက်လက်၍ ဒုတိယကျောင်းအုပ်ကြီး(သင်ကြားရေး)က သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ သင်တန်းကို စက်တင်ဘာ ၁၆ ရက်မှ ၂၃ရက်အထိ စာတွေ့၊ လက်တွေ့ သဘာဝဆိုးဆေးနည်းပညာများ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ (**အပေါ်ပုံ**)

(**၀၄၅**)

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်လှစ်

**ကျွန်းလှ စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ကျွန်းလှ)၌ ကျင်းပသည်။

ရှေးဦးစွာ ကျွန်းလှမြို့နယ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ထူးက အမှာစကားပြောကြားပြီး အတွင်းရေးမှူး လ၀ကဦးစီးမှူး ဦးဖြိုးလှုံမြတ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းပို့ချမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် သန်းခေါင်စာရင်းအကြောင်းအရာများ၊ လူဦးရေဆိုင်ရာအချက်အလက်၊ ပြည်တွင်းပြည်ပပြောင်းရွှေ့သွားလာမှု၊ ပညာရေးဆိုင်ရာ၊ လုပ်သားအင်အား၊ မွေးဖွားမှု၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ၊ ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှု၊ အဖွဲ့အစည်းနှင့် သမားရိုးကျအိမ်ထောင်စု၊ CAPI သင်ခန်းစာများကို သင်တန်းသား၊ သင်တန်းသူ ၂၇ဦးအား သင်တန်းကာလ ၁၂ရက်ကြာ စာတွေ့၊ လက်တွေ့ပို့ချမည် ဖြစ်သည်။



အဆိုပါသင်တန်းဖွင့်ပွဲသို့ ကျွန်းလှမြို့နယ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(**အပေါ်ပုံ**)

(**၄၈၀**)

# သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်း ထောက်ပံ့ပေးအပ်

**ညောင်ဦး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ပြည်သူ့အကျိုးပြု သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဖြေရှင်း ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ ယမန်နေ့က ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့်မိသားစုက မြို့နယ်မီးသတ်ဦးစီးဌာနအတွက် ချိန်းဆော အသစ်တစ်လုံး ဝယ်ယူထောက်ပံ့ လှူဒါန်းပေးခဲ့သည်။

ထိုသို့ ပြည်သူ့အကျိုးပြု သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အခက်အခဲမရှိ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ထောက်ပံ့လှူဒါန်းရာတွင် ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက မြို့နယ်အတွင်း ကျရောက်လာသော သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်မြန်ဆန်စွာ ကူညီဆောင်ရွက်ပေးနေမှုအား ဂုဏ်ပြုကြောင်း ပြောကြားပြီး မီးသတ်ဦးစီးဌာနအတွက် လိုအပ်နေသော သုံးပေ ချိန်းဆော အသစ်တစ်လုံးအား ပေးအပ်လှူဒါန်းရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူက လက်ခံရယူခဲ့ကြောင်း သိရသည်။ (**၄၄၅**)

*-*-*-*-*

# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၁၉**

စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူး၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀နာရီက ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရှိ မြတ်ဓေယျာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်မိမိကျော်က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ၊ အိုဇုန်းလွှာ၏ အရေးပါပုံ၊ အိုဇုန်းလွှာပြောင်းလဲလာမှုအခြေအနေများ၊ နှစ်စဉ်အိုဇုန်းလွှာအပေါက် အကျယ်နှင့် ပြောင်းလဲလာမှုအခြေအနေများ၊ အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ သဘောတူစာချုပ်များနှင့် ပြင်ဆင်ချက်များ၊ အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများ အိုဇုန်းလွှာ၏ လူသားများနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးပြုပုံ၊ အိုဇုန်းလွှာပျက်စီးပါက ဖြစ်ပေါ်လာနိုင်မည့် သက်ရောက်မှုများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးချုပ်မှ ပေးပို့လာသော ၂၀၂၄ခုနှစ်၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် Video Clip အား ပြသပေးရာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက စိတ်ဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

(**ဝဲပုံ**)

**မြို့နယ်(ပြန်/ဆက်)**



## နှစ် ၆၀ ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**မုံရွာ စက်တင်ဘာ ၁၉**

နှစ် ၆၀ ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ကျင်းပသည်။

"ဒါနကုသိုလ်လုပ်တဲ့နေ့ပါ။ သွေးမရှိရင်ရပ်တည်မရပါဘူး။ ကျန်းမာရေးမကောင်းရင်ဘာမှလုပ်မရဘူး။ကျန်းမာရေးက အရေးကြီးတယ်ဆိုတာကို အားလုံးခံယူကြပါ။ သင့်သွေးတစ်စက်နဲ့ အသက်ကယ်ပါဆိုတာ ရှိပါတယ်။

အကြိမ်ပေါင်းများစွာ သွေးလှူဒါန်းတဲ့သူတွေကို ဂုဏ်ပြုပါတယ်။ သွေးလှူလိုက်ပြီဆိုကတည်းက ဒီသွေးကလှူဖို့ သင့်မသင့် စစ်ဆေးတယ်။ သွေးပေါင်ချိန်တယ်။ သတ္တုဝါမှန်သမျှ သွေးမရှိရင် မရပါဘူး။ လိုအပ်တဲ့သွေးရှိရင် ပြောကြပါ။ ဌာနဆိုင်ရာတွေ၊ ရဲတပ်ဖွဲ့ဝင်တွေရှိပါတယ်။ လိုတဲ့ သွေးအမျိုးအစားကို လှူဒါန်းပေးပါမယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ နှစ် ၆၀ ပြည့်မှာ မြင့်မြတ်တဲ့ လုပ်ဆောင်မှုတွေနဲ့ ကြိုဆိုဂုဏ်ပြုကြတာ ဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောသည်။ **(အပေါ်ပုံ)**

စုပေါင်းသွေးလှူဒါန်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၇၉ ဦး၊ စာရေးဝန်ထမ်း ငါးဦး၊ မိသားစုဝင် ခြောက်ဦး စုစုပေါင်း ၉၀ ဦး သွေးလှူဒါန်းကြခြင်း ဖြစ်သည်။ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနိုင်လင်းက သွေးလှူခြင်းသည် မိမိပိုင်ပစ္စည်းဥစ္စာများ လှူဒါန်းခြင်းထက် မိမိကိုယ်တွင်ရှိသည့် သွေးကို လှူရသည့်အတွက် အလွန်မွန်မြတ်သည့် စွန့်လွှတ်လှူဒါန်းမှုဖြစ်ကြောင်း ပြောကြားသည်။

"ရခဲလှတဲ့လူ့ဘဝမှာ ပုထုဇဉ်လူသားအချင်းချင်း မိမိသွေးနဲ့ အသက်ကယ်နိုင်ကြပြီး ဒီဘဝ သွေးလှူဒါန်းခွင့်ရှိနေသမျှ အမြဲမပြတ် လှူဒါန်းနေကြဖို့လည်း လိုအပ်မှာဖြစ်ပါတယ်"ဟု ရဲမှူးကြီး နိုင်လင်းက ပြောသည်။

အမျိုးသားသွေးလှူဒါန်းမှု ဥပဒေနှင့် ကိုက်ညီသလို အလွန်မွန်မြတ်လှကြောင်း မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံ၊ ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းဇော်ဝင်းလှိုင်က ပြောကြားခဲ့ကြောင်း သိရသည်။

(၃၉၄)

## ၆၅လမ်း၊ ၁၁၅လမ်းမှ မြဝတီမင်းကြီးလမ်းအထိ နိုင်လွန်ကတ္တရာခင်း ပလက်ဖောင်းနှင့်ရေမြောင်းများပြုပြင်၊ လမ်းကာတုံးများအသစ်လဲလှယ်

**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် စီမံချက်များချမှတ်၍ စီစဉ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လမှစတင်ပြီး မန္တလေးမြို့ တောင်မြောက်လမ်းမကြီးဖြစ်သော ၆၂ လမ်း၊ ၃၅လမ်းမှ မနော်ဟရီလမ်းအထိ လမ်းဘေး ဝဲ၊ ယာ ပလက်ဖောင်းများ အသစ်ပြုလုပ်ခြင်း၊ လမ်းကာတုံးများ အသစ်လဲလှယ်ခြင်း၊ သစ်ပင်ကြီးများ၏ အမြစ်များထိုးဝင်မှုကြောင့် ပျက်စီးနေသော ရေမြောင်းများအား အသစ်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာပထမပတ်တွင် ပြီးစီးခဲ့သည်။ **(ယာပုံ)**

ချမ်းမြသာစည်မြို့နယ်၊ ၆၅ လမ်း၊ ၁၁၅လမ်းနှင့် မြဝတီမင်းကြီးလမ်းကြားတွင်လည်း မိုးရာသီလမ်းပေါ်ရေတင်မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် စက်တင်ဘာပထမပတ်မှစတင်ပြီး ထပ်ပိုးလွှာတင်ပြီး၊ လမ်းသားချဲ့ကာ ပေ ၃၀ အကျယ် နိုင်လွန်ကတ္တရာလမ်းခင်းလျက်ရှိသည်။အလားတူ ချမ်းမြသာစည်မြို့နယ် ရန်ကုန်-မန္တလေးလမ်း၊ ဆင်ဖြူကန်ကွင်းအနီးတွင်လည်း ရေစီးရေလာကောင်းမွန်ရေး မြောင်းပြုပြင်ခြင်း၊ ပျက်စီးနေသော စက်ဘီး၊ ဆိုင်ကယ်လမ်းအား ထပ်ပိုးလွှာတင်ကတ္တရာခင်းပေးလျက်ရှိကြောင်း သိရသည်။



(၀၄၅)

## ပျော်ဘွယ်-ဘုရားငါးဆူလမ်း မိုင်တိုင် ၁၀ နှင့် ၁၁ ကြား လမ်းရေကျော်၍ တာပေါင်များပျက်စီးမှု ပြုပြင်ပြီးစီး

**ပျော်ဘွယ် စက်တင်ဘာ ၁၉**

စက်တင်ဘာလ ဒုတိယပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသ ဆောက်လုပ်ရေးကုမ္ပဏီမှ (BOT) စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပျော်ဘွယ်-ဘုရားငါးဆူလမ်းပိုင်း မိုင်တိုင် ၁၀ နှင့် ၁၁ အကြားတွင် လမ်းပေါ်သို့ ရေအမြင့် ၂ ပေခန့်ထိ မြင့်တက်ရေကျော်ခဲ့ပြီး လမ်းတာပေါင်များ ပျက်စီးခဲ့သည်။



သို့ဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနနှင့် တောင်ပေါ် ဒေသဆောက်လုပ်ရေး ကုမ္ပဏီတို့မှ အဆိုပါပျက်စီးသွားသော လမ်းပိုင်းနေရာများအား စက်တင်ဘာ ၁၆ ရက်တွင် ဂျင်းမြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့သည်။

သို့ဖြစ်ရာ ပြည်သူများ ဆက်သွယ်သွားလာမှု အဆင်ပြေ၍ ကုန်စည်စီးဆင်းမှုလည်း အခက်အခဲမရှိတော့ဘဲ ယာဉ်များ ပုံမှန်ပြန်လည် အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

(၀၅၄)

## မိသားစုဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ ယှဉ်ပြိုင် PAKASA FC(5) အသင်း ဗိုလ်စွဲ

**မန္တလေး စက်တင်ဘာ ၁၉**

ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်ဘောလုံးအသင်း PAKASA Fc တစ်နှစ်ပြည့် အထိမ်းအမှတ် မိသားစုဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မန္တလေး၊ ချမ်းမြသာစည်ဘောလုံးကွင်းတွင် စက်တင်ဘာ ၁၈ ရက် ညနေပိုင်းက PA KASA Fc(5) အသင်းနှင့် PA KASA Fc(3) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် တာဝန်ရှိသူများ၊ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းဥက္ကဋ္ဌ ဦးသက်တင်နှင့် အမှုဆောင်များ ပြိုင်ပွဲဝင် ဘောလုံးအသင်းတို့မှ အုပ်ချုပ်သူ နည်းပြများ ဘောလုံးသမားများနှင့် မိသားစုဝင်များ၊ ဘောလုံးဒိုင်လူကြီးများ၊ ဖိတ်ကြားထားသူများ ဘောလုံးအား ကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲတွင် PAKASA Fc(5)အသင်းနှင့် PAKASA Fc(3)အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ ဒုတိယပိုင်းပွဲပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ကန်သွင်းကြရာမှ PAKASA Fc(5) အသင်းက ၆ ဂိုး ၄ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ဒုတိယဆုရ PAKASA Fc(3) အသင်းအား မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးမှ ဒုတိယဆုငွေကျပ်လေးသိန်း ပေးအပ်ချီးမြှင့်ခဲ့ပြီး ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းဥက္ကဋ္ဌ ဦးသက်တင်မှ ပထမဗိုလ်စွဲသည့် PAKASA Fc (5) အသင်းအား ဆုငွေကျပ် ခုနစ်သိန်းနှင့် ပထမတံခွန်စိုက် ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(၀၄၀)




## မနဒေသ အစားအစာ ဖရုံသီးထမင်းနယ် ဇာဂဒါန ကျွေးမွေး

**ပင်းတယ စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ၄ က်ပျော့တော ရပ်ကွက်၊ ၄ က်ပျော့တောဘုန်းတော်ကြီးကျောင်း၌ ရှေးရိုးရာမပျက် နှစ်စဉ်ကုသိုလ်ပြု ဆောင်ရွက်မြဲဖြစ်သော ကျောင်းတိုက်ဆရာတော်အား သစ်သီးဝလံ၊ဆန်ရေစပါးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုး ဆက်ကပ်လှူဒါန်းပေးကြသော မြို့ပေါ်ရပ်ကွက်(၁၃)ရပ်ကွက်နှင့် နီးစပ်ရာကျေးရွာများမှ ဒေသနေ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်းအစရှိသည့် တိုင်းရင်းသား မိဘပြည်သူများအား ဇာဂဒါန ဖရုံသီးထမင်းနယ်(ဒေသအခေါ်-ဖရုံထမနဲ)နှင့်လက်ဖက်ရွက်နှသုပ်များ ဧည့်ခံကျွေးမွေးခဲ့သည်။

၄ က်ပျော့တောဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တအရှင်ဝိမလစာရထံမှ ဒေသခံတိုင်းရင်းသားပြည်သူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မိမိတို့၏ တောင်ယာလယ်ယာခြံများမှမိုးစပါးနှင့် သစ်သီးများ ဟင်းသီးဟင်းရွက်များ မိုး ရာသီထွက် ဒုတိယဝါဆိုမိုးခါး အမည်ရ ရွက်နုလက်ဖက်ခြောက်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုး၊ နဝကမ္မအလှူတော်ငွေတို့ကို ဆက်ကပ်လှူဒါန်းကြသည်။ လှူဒါန်းကြသူ မြို့ပေါ်ရပ်ကွက်(၁၃)ရပ်ကွက်နှင့်ကျေးရွာအသီးသီးမှ ဒေသခံတိုင်းရင်းသား မိဘပြည်သူများအား ၄ က်ပျော့တောရပ်ကွက်နေ ရပ်မိရပ်ဖတို့က ဝိုင်းဝန်း၍ လပြည့်နေ့မတိုင်မီ အဖိတ်နေ့ညတွင် ချက်ပြုတ်ထားသည့် ရှေးရိုးရာမပျက် ဖရုံသီးထမင်းနယ်(ဖရုံထမနဲ)များကို ဧည့်ခံကျွေးမွေးခြင်းများကို ရိုးရာမပျက် နှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**(၃၃၈)



# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## မြန်မာ့ကော်ဖီ တန်ချိန် ၂၅၀၀ ခန့်ကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုမှ တင်ပို့ရောင်းချနေ

ပြည်တွင်းထွက်ရှိသည့် မြန်မာ့ကော်ဖီတန်ချိန် ၂၅၀၀ ခန့် ပုံမှန်တင်ပို့ရောင်းချနိုင်ကြောင်း မြန်မာနိုင်ငံ ကော်ဖီလုပ်ငန်းရှင်များထံက သိရသည်။

မြန်မာ့ကော်ဖီကို အမေရိကန်၊ ဥရောပနိုင်ငံ၊ ဂျပန်၊ ကိုရီးယား၊ အာဆီယံနိုင်ငံတွေကို တင်ပို့နေပြီး ဈေးကွက်သစ်အနေဖြင့် ယူအေအီးနိုင်ငံတိုးလာပြီး အဓိကအနေဖြင့် နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိသည်။

တရုတ်နိုင်ငံဈေးကွက်မှာ လာမည့် တစ်နှစ်ထက်တစ်နှစ် ကော်ဖီသောက်သုံးမှုများလာသည့်အတွက် လာမည့် ၅-၁၀နှစ်အတွင်း ကော်ဖီဈေးကွက် အကြီးဆုံးဖြစ်လာနိုင်ကြောင်း မြန်မာနိုင်ငံကော်ဖီလုပ်ငန်းများ အသင်း ဥက္ကဋ္ဌ ဦးမျိုးအေးက ပြောသည်။

ကော်ဖီအရည်အသွေးမြင့် အမျိုးအစားအလိုက် ဈေးအနည်းငယ် မြင့်တက်လျက်ရှိပြီး ဝယ်လိုအားကောင်းနေသည်။

မြန်မာ့ကော်ဖီ ပုံမှန်ရောင်းတန်းဝင် ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀၀၊ အထူးတန်းဝင်ကော်ဖီ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ ပေါက်ဈေး အနည်းဆုံးရှိပြီး အရည်သွေးကောင်းလျှင် ဈေးပိုမိုရရှိသည်။



ပြည်တွင်းကော်ဖီ ဈေးကွက်မှာလည်း ဝယ်လိုအားကောင်းနေသလို ပြည်တွင်းကုန်သည်များဝယ်ယူပြီး နယ်စပ်ကုန်သွယ်မှုမှ တစ်ဆင့် ပြန်လည်ရောင်းချလျက်ရှိသည်။

လက်ရှိမှာ ပို့ကုန်ရငွေ ငွေလဲလှယ်နှုန်းအချိုးမှာ ၂၅ရာခိုင်နှုန်း-၇၅ရာခိုင်နှုန်း ပြင်ဆင်သတ်မှတ်လာသဖြင့် တင်ပို့သူများအနေဖြင့် အဆင်ပြေလာသည်။

မြန်မာနိုင်ငံတွင် ကော်ဖီတန်ချိန် ၇၀၀၀ ဝန်းကျင်သာ ရှိသောကြောင့် စိုက်ဧကများအတွက်နှုန်းတိုးအောင် စိုက်ပျိုးသင့်သလို အသစ်စိုက်ပျိုးမှုများ တိုးချဲ့စိုက်ပျိုးသင့်သည်။

ကော်ဖီဈေးကွက် အလားလာကောင်းများ ရှိသောကြောင့် ကော်ဖီစိုက်ပျိုးမြေသစ်များ ရရှိရန်နှင့် ပိုင်ဆိုင်မှုခိုင်မာစွာ ဆောင်ရွက်ပေးနိုင်မှသာ နှစ်ရှည်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်မှာ ဖြစ်သည်။

လက်ရှိမှာ ကော်ဖီစိုက်ပျိုးဒေသများတွင် ရေကြီး၊ မြေပြိုမှုများ ဖြစ်ပွားခဲ့သောကြောင့် လာမည့်ကော်ဖီရာသီတွင် ကော်ဖီထွက်ရှိမှု အနည်းငယ်ကျဆင်းနိုင်သော်လည်း တိုးချဲ့စိုက်ပျိုးမှုများကြောင့် ယခင်ထွက်ရှိမှု ပမာဏခန့် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြေဩဇာတန်ချိန် ၁ ဒသမ ၆ သန်းကျော် ပြည်ပမှ တင်သွင်းရန်လျာထား

**မန္တလေး စက်တင်ဘာ ၁၉**

စိုက်ပျိုးတောင်သူများအတွက် လိုအပ်ချက် ဖြည့်ဆည်းနိုင်ရန် မြေဩဇာများကို ပြည်ပမှ တင်သွင်းနေပြီး ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်အတွင်း မြေဩဇာတန်ချိန် ၁ ဒသမ ၆ သန်းကျော် ပြည်ပမှ တင်သွင်းရန် လျာထားကြောင်း ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီမှ သိရသည်။

သွင်းအားစုဖြစ်သည့် မြေဩဇာများကို ရည်ညွှန်းဈေးပုံမှန် ထုတ်ပြန်ပေးရေးနှင့် ယင်းဈေးနှုန်းအတိုင်း ရောင်းချမှု ရှိ၊မရှိ ကြီးကြပ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုဖြန့်ဖြူးရောင်းချထားမှုတို့ကို လစဉ် ဆွေးနွေးညှိနှိုင်းကြသည်ဟု ဆိုသည်။

"သွင်းအားစုတွေ တင်သွင်းတဲ့ ကုမ္ပဏီအလိုက် သွင်းကုန်လိုင်စင်ရရှိရေးကို သက်ဆိုင်ရာက ထောက်ခံပေးတယ်။ မြေဩဇာတန်ချိန်၆သိန်းကျော် တင်သွင်းခွင့် လိုင်စင်ချပေးထားတယ်။ တင်သွင်းမှုနည်းရင် မြေဩဇာလိုအပ်ချက်ရှိလာပြီး တရားမဝင် ဈေးကွက် ဖြစ်ပေါ်နိုင်တယ်။ ပို့ကုန်ရငွေရှိတဲ့ ကုမ္ပဏီတွေအတွက် တင်သွင်းခွင့် ဦးစားပေးသင့်ပါတယ်"ဟု မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူက ပြောသည်။

၂၀၂၄ခုနှစ် ဧပြီမှ ဇူလိုင်လထိ သွင်းအားစုတင်သွင်းသည့် ကုမ္ပဏီများအလိုက် သွင်းကုန်လိုင်စင်ရရှိရေး ထောက်ခံပေးထားရာတွင် မြေဩဇာတန်ချိန် ၉၅၃၁၇၉ ဒသမ ၆၄ တန်၊ ပိုးသတ်ဆေးတန်ချိန် ၁၃၁၇၄ ဒသမ ၅၄ တန်ဖြစ်ပြီး ဇူလိုင် ၂၂ရက်ထိ မြေဩဇာတန်ချိန် ၆ ဒသမ ၁သိန်းအတွက် သွင်းကုန်လိုင်စင်ချထားပေးပြီးဖြစ်၍ ၎င်းတို့အနက် တန်ချိန် ၄၃ သမ ၃၄ သိန်းကျော် တင်သွင်းပြီး ဖြစ်သည်။

ရေကြီးနစ်မြုပ်ခဲ့သည့်ဒေသများမှ စိုက်ပျိုးတောင်သူများ ရေကျချိန်တွင် စိုက်ပျိုးနိုင်ရန် မြေဩဇာလိုအပ်သဖြင့် အသင်းဝင်ကုမ္ပဏီများအား သက်သာသော ဈေးနှုန်းဖြင့် ပံ့ပိုးပေးသွားမည်ဖြစ်ရာ ယူရီးယားတစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀၊ ၁၅ပတ်လည် ကွန်ပေါင်းတစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ဖြင့် ဖြန့်ဖြူးရောင်းချမည်ဟု သိရသည်။

စိုက်ပျိုးတောင်သူများအတွက် သွင်းအားစုများ အချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီရေးနှင့် ဈေးနှုန်းချိုသာရေးတို့ကို သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြေဩဇာ ရည်ညွှန်းဈေးဖြင့် ရောင်းချရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

## ပို့ကုန်ပဲများ အရောင်းအဝယ် အေးနေသော်လည်း ပြည်တွင်းသုံး ကုလားပဲနှင့် ပဲမာလိုင်းများ အရောင်းအဝယ်သွက်နေ

ပို့ကုန်ပဲများ အရောင်းအဝယ် အေးနေသော်လည်း ပြည်တွင်းသုံး ကုလားပဲများနှင့် ပဲမာလိုင်းများ အရောင်းအဝယ် သွက်နေကြောင်း ပဲကုန်သည်များထံက သိရသည်။

ပြည်တွင်းပဲ အမျိုးအစားများ လက်ကျန်နည်းသောကြောင့် အမြင့်ဈေးတန်းဖြင့်သာ တည်ငြိမ်နေပြီး အရောင်းအဝယ် ပုံမှန်အတိုင်း ရှိနေခြင်းဖြစ်သည်။

ပြည်တွင်းသုံး ကုလားပဲများနှင့် ပဲမာလိုင်းများ အရောင်းသွက်နေပြီး ပို့ကုန်ပဲများ အရောင်းအဝယ်အေးကြောင်း ပြည်တွင်းသုံး ကုလားပဲ V7 မှာ ပို့ကုန်အဝယ်ရှိသောကြောင့် ကုလားပဲအုပ်စုဝင်ပဲများ အမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀-၁၀၀၀၀ခန့် ဈေးမြင့်တက်လာကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပြည်တွင်းသုံး ကုလားပဲအုပ်စု အရောင်းအဝယ် သွက်နေပါတယ်။ ကုလားပဲV7 ကို ပို့ကုန်အဝယ်ရှိလာတော့ ဈေးမြင့်တက်လာတာပါ။ ကုလားပဲ V7 ဈေးတက်လာတော့ အခြားကုလားပဲတွေလည်း လိုက်ပါဈေးမြင့်တက်လာပါတယ်။ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀-၁၀၀၀၀ ဈေးတက် အဝယ်သွက်နေပါတယ်။ ဒီရက်ပိုင်းမှာ ရေဘေးအလှူတွေက ကုလားပဲခြမ်းအဝယ်ကောင်းနေပါတယ်။ ပြည်တွင်းပဲမာလိုင်းတွေမှာ ပဲကြီး၊ ပဲထောပတ်တွေ အဝယ်သွက်နေပါတယ်။ ပြည်တွင်းလက်ကျန်ပဲတွေ နည်းလာသလို ပဲသစ် စိုက်ပျိုးချိန်နီးလာတော့ ဈေးတန်းက ကျဆင်းမှုမရှိတော့ပါဘူး။ ပို့ကုန်ပဲများ အရောင်းအဝယ် အေးနေပါတယ်"ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၁၉ ရက်တွင် ပို့ကုန်မတ်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၇၅၀၀၀(ဟောင်း)၊ မတ်ပဲ(ရေသွင်းသစ်)ငွေကျပ် ၃၅၀၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၆၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ **(ယာပုံ)**

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဝယ်လိုအားကောင်းလာသောကြောင့် ပဲအမျိုးအစားအလိုက် အနည်းငယ်ဈေးမြင့်တက်လာရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀-၃၁၇၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀၊ ထိုင်ဝမ် ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ ပေါက်ဈေး ဖြစ်လာသည်။

မိုးမြေပဲနှင့် နှမ်းမျိုးစုံ ဈေးကျဆင်းမှုရှိသော်လည်း ပြည်တွင်းသုံး ပဲမာလိုင်းများ ဈေးတည်ငြိမ်နေရာ စက်တင်ဘာ ၁၉ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀၀၊ ပဲပုပ်(ရှမ်း)တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၈၀၀-၉၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းဈေးကွက်တွင် အက်စစ်ပါဝင်မှု အရည်အသွေးအပေါ်မူတည်ရာ စက်တင်ဘာ ၁၉ရက်တွင် နှမ်းမျိုးစုံပေါက်ဈေး အနည်းငယ် ကျဆင်းလာရာ နှမ်းနက်(စမုန်) တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀၀၊ (အက်စစ်လွတ်) ငွေကျပ်၆၁၀၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ နှမ်းဖြူရိုးရိုး တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ပန်းနှမ်း တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ရွှေမန်း**



# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ပြုလုပ်



**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန၊ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်း အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက ၁၆လမ်း၊ ၈၆လမ်းထောင့်ရှိ အဆိုပါကျောင်း မြတ်စေတနာခန်းမတွင် ကျင်းပခဲ့သည်။

အစီအစဉ်အရ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်မြင့်မြင့်သန်းက လူငယ်စကားဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါက ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် လူငယ်စကားဝိုင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-10 ကျောင်းသား မောင်ဝဏ္ဏမျိုးလွင်က လူငယ်နှင့်ပညာရေးအကြောင်းကိုလည်းကောင်း၊ Grade-10 ကျောင်းသား မောင်အုပ်စိုးခန့် က လူငယ်နှင့် မူးယစ်ဆေးဝါးအကြောင်းကိုလည်းကောင်း၊ Grade-10 ကျောင်းသား မောင်ထက်ဝေယံက လူငယ်နှင့် ဆိုရှယ်မီဒီယာအကြောင်းကိုလည်းကောင်း၊ Grade-9 ကျောင်းသူ မယွန်းအိဇော်က လူငယ်နှင့် အားကစားအကြောင်းကိုလည်းကောင်း၊ Grade-9 ကျောင်းသူ မနန်းဒေဝီဦးက လူငယ်နှင့်လူကုန်ကူးမှုအကြောင်းကိုလည်းကောင်း ပါဝင်ဆွေးနွေးကြရာတက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပါဝင်မေးမြန်း ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါစကားဝိုင်းဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ၊ ဆရာမများ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်တင့်တင့်ရွှေနှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနား မစတင်မီ ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု ပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များပြသပေးရာ ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ဝင်တစား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၀၉၃)

* — * — * — * — *

# အကြိမ်(၁၀၀)မြောက် သွေးလှူဒါန်း



**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် မြန်မာနိုင်ငံ စာရေးဆရာအသင်းအတွင်းရေးမှူး ဦးမြဝေ(မောင်မြဝေ-ယောမင်းကြီး)သည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးမြို့ ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံကြီး သွေးလှူဘဏ်တွင် အကြိမ်(၁၀၀)မြောက် ဇီဝိတဒါနသွေးလှူဒါန်းသည်။

အဆိုပါသွေးလှူရှင်သည် သက်ဆိုင်ရာဌာန အသီးသီးတို့တွင် ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာများ လှူဒါန်းထားသူဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ကဆ)**

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၁၄)အခြေခံပညာမူလတန်းလွန်ကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်လက်ထောက်ဦးစီးမှူး ဦးသန့်ဇင်က ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးရိုးမွန်က လူငယ်နှင့်အားကစားအကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးညီဝင်းသူက လူငယ်နှင့်ပညာရေး ခေါင်းစဉ်ကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်(တွဲဖက်)က လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့သည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်လက်ထောက်ဦးစီးမှူး ဦးသန့်ဇင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်းအရာပါ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး မြို့နယ်အားကစားမှူးကလည်း အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ရာ အမှတ်(၁၄)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး(ကိုယ်စား) ဆရာမတစ်ဦးက လက်ခံရယူခဲ့သည်။

ထို့နောက် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များကိုလည်း ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြပြီး အမှတ်(၁၄)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဆရာတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။



(ဝဲပုံ)(၀၅၆)




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး


## သိကြပါစေ သောက်သုံးရေ

* မြို့လူထုကို ရေပေးဝေ<br>
သောက်ဖို့သုံးဖို့လေ<br>
(၆)မြို့နယ်မှ ဖြန့်ဖြူးထား<br>
(၄၂)သန်း ဂါလန်ခင်ဗျာ

* ရေဟာ လူအတွက်အရေးပါ<br>
မန်းစည်ပင်ရဲ့ စေတနာ<br>
ထမင်းအသက် ခုနစ်ရက်<br>
ရေအသက် တစ်မနက်

* မန်းရွှေမြို့ရဲ့ လူဦးရေ<br>
(၁ ဒသမ ၇)သန်း ရှိတယ်လေ<br>
ရေပြတ်လပ်မှု မဖြစ်စေရေး<br>
နေ့၊ ညမနား ကြိုးစားပေး

* ရေကိုဖြန့်ဖြူးပေးနေတာ<br>
မြေပေါ်၊ မြေအောက် မကျန်ပါ<br>
ပြည်သူ့ကောင်းကျိုး အမြဲထာဝရ<br>
ရေနှင့် သန့်ရှင်းမှုဌာန။ ။

သန်းနိုင်စိုး(စိုက်/မွေး)

### သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။




# ရေဘေးသင့်ပြည်သူများကို လှူဒါန်းမှုများအတွက် မြေပဲဆီတစ်ဘူး ငွေကျပ် ၈၀၀၀ ဖြင့် ရောင်းချပေးမည်

**မန္တလေး စက်တင်ဘာ ၁၉**

ရေဘေးသင့်ပြည်သူများကို လှူဒါန်းမည့် အလှူရှင်များကို FDA ခွင့်ပြုချက်ရ မြေပဲဆီသန့် တစ်ဘူးလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် ဘူးအရေအတွက် ၅၀၀၀ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့ အာရှသား ဆီစက်ပိုင်ရှင်က ပြောသည်။

ရေဘေးအလှူရှင်များ အနေဖြင့် လှူဒါန်းမည့် ဆီဘူးပမာဏစာရင်းကို မန္တလေးတိုင်းဒေသကြီး ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ထောက်ခံချက်ဖြင့် အာရှသား ဆီစက် ဖုန်း ၀၉-၅၀၁၆၅၃၄ ကို ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **ရွှေမန်း**

## သတင်းပဒေသာ

### သန်းခေါင်စာရင်း ကောက်ယူရေး မြို့နယ်အဆင့်သင်တန်းဖွင့်

၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ရတနာခန်းမ)၌ စက်တင်ဘာ ၁၈ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

### ရေဘေးသင့်ပြည်သူများအတွက် လှည့်လည်အလှူခံလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် စိတ္တသုခလူမှုကူညီရေးအသင်းက ဦးဆောင်၍ မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအား လိုအပ်နေသည့် ဆေးဝါး၊ အဝတ်အထည်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းနိုင်ရန်အတွက် စက်တင်ဘာ ၁၆ရက် နံနက်ပိုင်းမှစတင်၍ တောင်တွင်းကြီးမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအား လှည့်လည်အလှူခံခြင်း၊ မြို့နယ်စည်ပင်သာယာဈေးအနီးတွင်လည်း အလှူခံဌာန ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### သန်းခေါင်စာရင်းကောက်ယူရာတွင် စနစ်ကျဖြစ်စေရေး သင်တန်းများဖွင့်လှစ်

ပူတာအိုခရိုင်၊ နောင်မွန်းမြို့နယ်၌ အောက်တိုဘာ ၁ ရက်မှ ၁၅ရက်အထိ တစ်နိုင်ငံလုံးဆိုင်ရာ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် စနစ်ကျပြီး အဆင်ပြေချောမွေ့စွာ ကောက်ယူနိုင်ရေးအတွက် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာအုပ်ပြပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက 'ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့'အထိမ်းအမှတ်စာအုပ်ပြပွဲ ကျင်းပခဲ့ ကြောင်းသိရသည်။ မြို့နယ်(ပြန်/ဆက်)

### အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ရွှေဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၁နာရီက မြို့နယ်အခွန်ဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်းသိရသည်။ မြို့နယ်(ပြန်/ဆက်)

### မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း၊ ဆရာစံခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### ဆေးရုံမိသားစုနေ့အခမ်းအနား ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ် (၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံတွင် Hospital Family Day ဆေးရုံမိသားစုနေ့အခမ်းအနားနှင့် ဆေးရုံတက်ရောက် ကုသနေသော လူနာများထံ အာဟာရပစ္စည်းများ ထောက်ပံ့ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါဆေးရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## မဟာမုနိရုပ်ရှင်တော်မြတ် ဘက်စုံပြုပြင်ရန်ငွေများနှင့် ချိတ်ဆွဲရန် ရတနာပစ္စည်းများ လှူဒါန်း



**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးမြို့၊ မဟာမုနိ ရုပ်ရှင်တော်မြတ် ဘက်စုံပြုပြင်ရန်၊ ရွှေသင်္ကန်းကပ်လှူရန်နှင့် ချိတ်ဆွဲရန် ရတနာပစ္စည်းများ၊ ရွှေထည်များ လာရောက်လှူဒါန်းလျက်ရှိသည်။ စက်တင်ဘာ ၁၈ရက် နံနက် ၉နာရီက ထိုင်း နိုင်ငံနေ Mr.VORACHAT PIYASOM BATKUL က အလေးချိန် ၂ကျပ် ၃ပဲ ၅ ဒသမ ၁ ရွေးရှိ ခေါင်းရပ်ပုံ ဟန်းချိန်းတစ်ခုကိုလည်းကောင်း၊ မန္တလေးမြို့နေ ကိုကျော်မိုး + မတင်မိုးခိုင် မိသားစုက မတင်မိုးခိုင် မွေးနေ့အလှူ ဘက်စုံပြုပြင်ရန် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မန္တလေးမြို့နေ ရဲရင့်ကိုအားရည်စူး၍ ကျန်ရစ်သူမိသားစုက ဘက်စုံပြုပြင်ရန် ငွေကျပ် ငါးသိန်းတို့ကို မဟာမုနိဘုရားမိုးကောင်းဓမ္မာရုံတွင် လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင် ဦးမြထွန်း၊ ဦးချွန်နှင့် ဦးကျော်ကျော်ဦးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော် ရွှေချရန်၊ ဓာတ်မီးတော် ပူဇော်ရန်၊ငွေပဒေသာပင် စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 0873020610044910 1 နှင့် UAB ဘဏ်ငွေစာရင်းအမှတ် 017130100012259 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 01 7012100000750 နှင့် ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅ ၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(အပေါ်ပုံ)

(၀၄၅)

## အာဇာနည်ကျောင်း ပြုပြင်ရန် အလှူငွေများ ဆက်ကပ်လှူဒါန်း



**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ရှေးဟောင်းဦးပွားဆုတောင်းပြည့်ဘုရားကြီး၌ မွေးနေ့အထိမ်းအမှတ်အဖြစ် ဘုရားကြီးတိုက်၊ အာဇာနည်ကျောင်း ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေလှူဒါန်းပွဲနှင့် သီလကန်တော့ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ရက် နံနက် ၉နာရီက ဦးပွားဘုရားအတွင်းရှိ ဓမ္မသာလ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။ (ဓါပုံ)

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ဒက္ခိဏာရာမဘုရားကြီးတိုက်၊ အာဇာနည်ကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသမှ အလှူရှင်နှင့် ပရိသတ်တို့အား ရှစ်ပါးသီလချီးမြှင့်ပေး၍ အလှူရှင် ဖခင်ကြီး ဦးစန်းမောင်ကို ရည်စူး၍ မွေးနေ့ရှင် မိခင်ကြီး ဒေါ်စန်းမြင့်အားအမှူးထားကာ သမီး ဒေါ်မြင့်မြင့်စိုး(ဦးပွားဘုရားဂေါပကစာရင်းစစ်မှူး)မိသားစုမှ ဆရာတော်အား သီလကန်တော့ပွဲနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ကျောင်းပြုပြင်ရန် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဦးပွားဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးမှ လက်ခံရယူပြီး အဖွဲ့ဝင် ဦးသိုးထိန်းအောင်မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဆရာတော်မှ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှအတန်းများ ပေးဝေသည်။

အဆိုပါ အခမ်းအနားသို့ ဦးပွားဘုရားဂေါပကအဖွဲ့နာယကများ၊ အဖွဲ့ဝင် ဦးအောင်မောင်း၊ ဓမ္မစကြာအဖွဲ့ဝင် ဒေါ်ငွေးကြည်၊ ဒေါ်ပပလှိုင်၊ ဒေါ်အေးကျော့ခိုင်နှင့် ဥပုသ်သည်များ၊ အလှူရှင်မိသားစုတို့ တက်ရောက်ကြကြောင်း သိရသည်။ (၀၄၆)

## ချမ်းအေးသာစံမြို့နယ် သံဃာတော်များ ဦးဆောင်၍ ရေဘေးထောက်ပံ့လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၉**

ချမ်းအေးသာစံမြို့နယ် သံဃာတော်များ ဦးဆောင်၍ ရေဘေးသင့်ဒေသရှိ ပြည်သူများကို စက်တင်ဘာ ၁၆ရက်နှင့် ၁၇ရက်က ကွင်းရောက်ထောက်ပံ့လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် မြို့နယ်သံဃနာယကအဖွဲ့(သုဓမ္မာရွှေကျင်)တို့ကိုယ်စား မိုးကောင်းတိုက်အလယ်ရွှေကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မဓီပတျာလင်္ကာရ(တိုင်းဒေသကြီးသံဃနာယကအဖွဲ့၊အဖွဲ့ဝင်)၊မြို့နယ်သံဃနာယကအဖွဲ့(သုဓမ္မာ၊ရွှေကျင်) ဆရာတော်များက ငွေကျပ် သိန်း ၅၀၀ကျော်၊ ဆန်၊ စားသောက်ဖွယ်ရာ များနှင့် အဝတ်အထည်များကိုလည်းကောင်း၊ ရပ်ကွက်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မိုးကောင်းတိုက်၊ သီရိမင်္ဂလာကန်ဦးကျောင်းဆရာတော် ဘဒ္ဒန္တပညာစက္ကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ငွေကျပ် သိန်း ၃၆၀ကျော်၊ ဆန်၊ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များကိုလည်းကောင်း ရေဘေးသင့်ကြသော ရမည်းသင်း၊ ကျောက်ဆည်နှင့် မြစ်သားမြို့နယ် ကျေးရွာများသို့ ကူညီလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)





## ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ကန်တော်ကြီး-ကန်ပတ်လမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေး၊ စက်မှု(၁)၊ မိခင် + ဖခင်တို့အား ရည်စူး၍ မိခင် ဒေါ်ခင်မာရှိန် ကွယ်လွန်ခြင်း (၂၆)နှစ်ပြည့်အတွက် ဦးစန်းလွင်မြင့် + ဒေါ်ဆွေမာသက်သက်၊ သား မောင်ကောင်းခန့်စိုး(ဆင်မင်းပဲခွဲစက်)မိသားစုက ဆွမ်းအတွက် အလှူငွေကျပ်လေးသိန်းကို လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။

# ဘိုးတော်ထွက်ပွဲကာလတွင် ပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်စေရန် ပုပွား-တောင်ကလပ်သွားကားလမ်း (ယာယီ)ပြုပြင် ပြီးစီး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ပုပွားမှ တောင်ကလပ်သို့သွား ကားလမ်း မိုင်တိုင်(၁၈/၀)တွင် ရာဂီမုန်တိုင်းကာလ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက မြေထိန်းနံရံ အနည်းငယ်ပြိုကျခဲ့ပြီး ကတ္တရာလမ်းသား ပွံ့ကျမှုဖြစ်ပွားခဲ့ရာ အဆိုပါလမ်းပိုင်းအား ဘိုးတော်ထွက်ပွဲကာလတွင် ပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်စေရန်အတွက် မြို့နယ်လမ်းဦးစီးဌာနမှ ယာယီအစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ပေးခဲ့ရာ စက်တင်ဘာ ၁၇ ရက်တွင် ပြုပြင်မှုလုပ်ငန်းများ ပြီးစီး၍ မော်တော်ယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ကြပြီ ဖြစ်သည်။



ပုပွားတောင်ကလပ်တွင် ဘိုးတော်အောင်မင်းခေါင် ပြည်တော်ဝင် ထွက်ပွဲ/အောင်ပွဲကို နှစ်စဉ် တော်သလင်းလပြည့်ကျော် ၂ရက် ညနေပိုင်းအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပြီး မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ယုံကြည်ကိုးကွယ်သူများက တော်သလင်းလပြည့်နေ့မတိုင်မီကပင် အစုအဖွဲ့လိုက်သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ဘုရားဖူးပြည်သူများနှင့်အတူ ကားကြီး၊ ကားငယ်များဖြင့် လာရောက်လေ့ရှိသည်။ ယခုနှစ်တွင် ဘိုးတော်ထွက်ပွဲမတိုင်မီ ရာဂီမုန်တိုင်းအရှိန်ဖြင့် သုံးရက်ခန့် မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ပုပွား-တောင်ကလပ်ကားလမ်း (အောင်သိဒ္ဓိကုန်းအဆင်း)တွင် မြေကာနံရံ အမြင့် ပေ ၂၀ ခန့် ပြိုကျ နိမ့်ဆင်းသွားခဲ့ပြီး လမ်းနှုတ်ခမ်းသား အလျားပေ ၄၀ ခန့်၊ အကျယ် ၆ ပေခန့် ပွံ့ကျသွားခဲ့သည်။ အဆိုပါ လမ်းပျက်စီးမှုကို ဘိုးတော်ထွက်ပွဲအမီ ပြည်သူများ အန္တရာယ်ကင်းစွာသွားလာအသုံးပြုနိုင်စေရန်အတွက် မြို့နယ်လမ်းဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းအောင်ကြင်က အနီးကပ် ကြီးကြပ်၍ ပျက်စီးမှုအား ယာယီအစီအစဉ်ဖြင့် ပြုပြင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၇ ရက်တွင် ပြုပြင်မှုလုပ်ငန်းများပြီးစီး၍ ပြည်သူများနှင့် မော်တော်ယာဉ်ငယ်များ အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၅၆)

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်လှစ်

**ရေနံချောင်း စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက အမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ရာ ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ မေးခွန်းများကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုခြင်းအားဖြင့် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ကဏ္ဍအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် တိကျမှန်ကန်သည့်အချက်အလက်များ ရရှိအောင် စာရင်းစစ်၊ စာရင်းကောက်လုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား၊ သင်တန်းသူ ၅၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကို သင်တန်းကာလ ၁၀ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ (၄၇၂)



ဥတုရာသီ တောကို မှီ၏။



# သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေး ရတနာတိုး စပါးမျိုးစေ့ ထောက်ပံ့ပေးအပ်

**ပွင့်ဖြူ စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုအတွက် သီးနှံအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားရေးအတွက် အထောက်အကူပြုစေရန်ရည်ရွယ်၍ တောင်သူများအတွက် စပါးမျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ၂၀၂၄ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုများအတွက် တောင်သူများ သီးနှံအချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ စပါးမျိုးစေ့ ပေးအပ်ရခြင်းဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်းတိုးတက်ရေး မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေး အလေးထား ဆောင်ရွက်ရန်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးခဲ့သော ကျေးရွာအုပ်စု ၁၂ အုပ်စုမှ တောင်သူ ၉၆ ဦးအတွက် ရတနာတိုးစပါးမျိုးသန့်မျိုးစေ့ ၂၈၃ တင်းအား ထောက်ပံ့ပေးအပ်ရာ ဒေသခံတောင်သူတစ်ဦးက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၅၅)

# ခန္တီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ

**ခန္တီး စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်တွင် ထူးချွန်ထက်မြက်သည့် လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျင်းပခဲ့သည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲတွင် ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အသင်းကိုးသင်းက အုပ်စုပတ်လည်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒိုင်လူကြီးများအား ထောက်ပံ့ချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို မြို့နယ်သာသနာရေးမှူး ဦးရဲထွဋ်လှိုင်ကလည်းကောင်း၊ဂိုးသမားအကောင်းဆုံးဆုရရှိသော မြို့မအသင်းမှ မောင်ဖွဲ့ပြည့်စုံကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးဝင်းကလည်းကောင်း၊ နောက်တန်းအကောင်းဆုံး ဆုရရှိသော မြို့မအသင်းမှ မောင်လင်းထက်အား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသီဟထက်အောင်ကလည်းကောင်း၊ အလယ်တန်းအကောင်းဆုံးဆုရရှိသော ဇီးဖြူကုန်းအသင်းမှ မောင်အောင်ကျော်ကျော်အား ခရိုင်ဥပဒေအရာရှိ ဦးရဲဆွေဦးကလည်းကောင်း၊ အရှေ့တန်းအကောင်းဆုံးဆုရရှိသော ပေါမိုင်းအသင်းမှ မောင်ပြည့်ဖြိုးသိမ်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးဝင်းညွန့်ကလည်းကောင်း၊ အသန့်ရှင်းဆုံး ကစားသမားဆုရရှိသော ပေါမိုင်းအသင်းမှ မောင်မင်းမင်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးဉာဏ်လွင်ကလည်းကောင်း၊ မိုးရာသီအထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလားအမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိသော ဇီးဖြူကုန်းအသင်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်မြင့်ကလည်းကောင်း၊ ဒုတိယဆုရရှိသော ပေါမိုင်းအသင်းကို ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး သက်ထွဋ်ကလည်းကောင်း၊ ပထမဆုရရှိသော မြို့မအသင်းအား တံခွန်စိုက်ဆုဖလားကို ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းဟိန်းစိုးကလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

*- *- *- *- *



# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Hwarang အပိုင်း(၂) ရိုက်ကူးရန် ပြင်ဆင်နေ




ကိုရီးယားသမိုင်းထဲမှ ရှီလာခေတ်တွင် အရေးပါသည့် ဟွာရန်းအဖွဲ့ Hwarang တွင် တက်သစ်စ လူငယ်လေးများပါဝင်ပြီး ရှီလာနိုင်ငံ၏ အထူးအဖွဲ့အဖြစ် နှစ်ထောင်ချီသမိုင်းကြောင်းရှိခဲ့ပုံကို ရိုက်ကူးတင်ပြထားကာ အပိုင်း(၂) ရိုက်ကူးရန် ပြင်ဆင်နေပြီ ဖြစ်သည်။

ဟွာရန်းဆိုသည်မှာ ရှီလာခေတ်မှ ပန်းလိုအဖွဲ့ဖြစ်ပြီး ငယ်ရွယ်ချောမောသည့် လုလင်ပျိုလေးများဖြစ်ကာ တစ်ခါတစ်ရံ ဂီတနှင့် မွေ့လျော်သော်လည်း တိုက်ခိုက်ရည်ကောင်းသည့် နန်းတွင်းသစ္စာခံအဖွဲ့လည်းဖြစ်ကာ အချင်းချင်း ရင်းနှီးမှု၊ ချစ်ခြင်းမေတ္တာများနှင့်ပေါင်းစပ်၍ နန်းတွင်းရေးရာ အရှုပ်တော်ပုံများ ဖြေရှင်းပုံကို ပုံဖော်ရိုက်ကူးထားသည်။

အဆိုပါ ဇာတ်လမ်းတွင် တက်သစ်စ လူငယ်မင်းသားများနှင့် K pop နာမည်ကျော် အဆိုတော်များပါဝင်ထားကြရာ ပတ်ဆိုးဂျွန်၊ ပတ်ဟွမ်ဆစ်၊ ရှိုင်နီးမှ ချိုင်မင်ဟို၊ ဒိုဂျီဟန်၊ ဂျိုယွန်ဝူ၊ ဘီတီအက်စ်မှ ဗွီတို့ခြောက်ဦး ပါဝင်ထားကြ၍ ပရိသတ် အားပေးမှုရရှိပြီး အပိုင်း(၂) ဆက်လက်ရိုက်ကူးရန် ပြင်ဆင်နေပြီဖြစ်သည်။

SKY

## Kenphupoom မြေဝယ်၍ ဒူးရင်းခြံလုပ်ငန်း လုပ်ကိုင်



ထိုင်းအနုပညာရှင် Kenphupoom သည် အနုပညာလုပ်ငန်းများအပြင် စီးပွားရေးလုပ်ငန်းများကိုပါ လုပ်ကိုင်နေကာ မြေဝယ်၍ ဒူးရင်းခြံလုပ်ငန်း လုပ်ကိုင်နေသည်ဟု ထိုင်း Update တွင် ဖော်ပြသည်။

Kenphupoom က သူ၏ ဒူးရင်းခြံအလယ်တွင် အိမ်တစ်လုံး ဆောက်ရန်အတွက် စီစဉ်နေသည်ဟု သူ၏အင်စတာဂရမ်မှ ပရိသတ်ကို မျှဝေပေးထားရာ အိမ်ဆောက်ရန် ဧရိယာနှင့် သို့လှောင်မည့် နေရာများအတွက် ပြင်ဆင်နေသည်ဟု ရေးသားထားသည်။

သူ၏ ဒူးရင်းစိုက်ကွက်မှာ အဆင်သင့်ဖြစ်နေပြီဖြစ်၍ သိုလှောင်ရန် နေရာနှင့် အိမ်တစ်လုံး ဆောက်ရန်အတွက် ကြိုးစားနေသဖြင့် ပရိသတ်များက အယ်စွတာနှင့် အချစ်ရေးရော၊ စီးပွားရေးပါ ရည်မှန်းချက် ရောက်ပါစေဟု ဆုတောင်းပေးထားကြသည်။

SKY

## Kim Namggil ကို စက်ဘီးစီးနေသည်ဟူ၍ Dispatch ဖော်ထုတ်ထား




နာမည်ကြီး သတင်းဌာနတစ်ခု ဖြစ်သည့် Dispatch က မင်းသား Kim Namggil ၏ အတွင်းရေးကို တိတ်တဆိတ် စုံစမ်းဖော်ထုတ်ခဲ့ရာမှ Kim Namggil စက်ဘီးစီးနေသည်ဟူ၍ ဖော်ပြထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါသတင်းဌာနသည် နာမည်ကြီး အနုပညာရှင်များ၏ အချစ်ရေးသတင်းကို တိကျစွာ ဖော်ထုတ်ပေးလေ့ရှိရာ Kim Namggil ၏ နေ့စဉ်သွားလာလှုပ်ရှားမှုများကို စုံစမ်း၍ အချစ်ရေးကိစ္စအတွက် သတင်းလိုက်ခဲ့သည်။

Kim Namggil သည်အိမ်မှအလုပ်ကို စက်ဘီးစီးသွားပြီး လမ်းတွင် မုန့်ဆိုင်မှ အအေးဝယ်သောက်၍ ခရီးဆက်နေသည်ကိုသာ တွေ့ခဲ့ရပြီး နာမည်ကြီး အနုပညာရှင်ဖြစ်သော်လည်း လူကြားထဲ မသိမသာ သွားလာတတ်သည့် အပြုအမူမှာ မည်သူမျှ မလုပ်သည့် ထူးခြားသည့် အပြုအမူဖြစ်သည်ဟုသာ မှတ်ချက်ပေးထားပြီး Kim Namggil စက်ဘီးစီးနေသည်ဟူ၍သာ ဖော်ထုတ်နိုင်ခဲ့သည်။

SKY

## 2NE1 ၏ 15th Year Anniversary Concert လက်မှတ် ရောင်းကုန်ခဲ့



2NE1 ၏ (၁၅)နှစ်ပြည့် အထိမ်းအမှတ်ဂီတပွဲ 15th Year Anniversary Concert ကို ကျင်းပရန်အတွက် လက်မှတ်များ ငါးမိနစ်အတွင်း ရောင်းကုန်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

2NE1 မှာ ၂၀၁၄ခုနှစ်မှစ၍ အယ်လ်ဘမ်သစ်၊ သီချင်းသစ်ထွက်ရှိထားခြင်း မရှိသော်လည်း ပရိသတ် အခိုင်အမာရရှိထားသူဖြစ်၍ သူတို့ဂီတပွဲ လက်မှတ်များကို လူပေါင်းငါးသိန်း ဝယ်ယူခဲ့ကြ၍ ငါးမိနစ်နှင့် ရောင်းကုန်ခဲ့သည်။

အဆိုပါဂီတပွဲကို နေရာအဆင်မပြေ၍ လူ ၄၃၀၀သာဆံ့သည့် အိုလံပစ်ခန်းမတွင် နှစ်ရက်ကျင်းပရန် YG က စီစဉ်ခဲ့သည်။

(SKY)



## ဗီတာမင်အေကြွယ်ဝသော ရွှေရောင်ဆလပ် စပိန်နိုင်ငံမှ သိပ္ပံပညာရှင်များ ဖန်တီးစိုက်ပျိုး

ဗီတာမင်အေကြွယ်ဝသော ရွှေရောင်ဆလပ်တစ်မျိုးကို စပိန်နိုင်ငံမှ သိပ္ပံပညာရှင်များ မကြာသေးမီက ဖန်တီးစိုက်ပျိုးနိုင်ခဲ့ကြောင်း စက်တင်ဘာလထုတ် အပင်ဂျာနယ်တွင်ဖော်ပြသည်။ ဗလင်စီယာတက္ကသိုလ်မှ မာနျူယယ် ရိုဒရီဂက်ဇ်ကါန်ဆက်စီယွန် ဦးဆောင်သော သိပ္ပံပညာရှင်တစ်စုသည် ဇီဝနည်းပညာဖြင့် မျိုးရိုးဗီဇပြုပြင် ဖန်တီးကာ စိုက်ပျိုးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ရွှေရောင်ဆလပ်ရွက်တွင် မူလဆလပ်ရွက်ထက် ဘီတာကယ်ရိုတင်းဓာတ် အဆ၃၀ပိုမိုကြွယ်ဝသော အာဟာရပါဝင်ကြောင်း ဦးဆောင်သုတေသီ ရိုဒရီဂက်ဇ်ကါန်ဆက်စီယွန်က ရှင်းလင်းပြောကြားသည်။

ဘီတာကယ်ရိုတင်းဓာတ်ကြောင့် အစိမ်းရောင်ဆလပ်ရွက်များ ရွှေရောင်ပြောင်းလဲသွားခြင်းဖြစ်ကြောင်း သိရသည်။

SCI



JUSPEACE
FOUNDATION

## G Dragon ၏ Juspeace Foundation လူ့အဖွဲ့အစည်းကို ရည်ရွယ်၍ တည်ထောင်ထား

ကေပေါ့ပ်ဘုရင် G Dragon ခေါ် ကွမ်ဂျီယောင်း၏ Juspeace Foundation ကို ကိုရီးယား၏ Ministry of Culture, Sport And Tourism မှ တည်ထောင်ခွင့်ပြုချက် ရရှိခဲ့ပြီး လူ့အဖွဲ့အစည်းကို ရည်ရွယ်၍ လုပ်ဆောင်သွားမည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအဖွဲ့အစည်းအတွက် G Dragon က သူ၏လုပ်ငန်းမှရရှိသည့် အမြတ်ငွေအပြင် သီချင်းမူပိုင်ခွင့်မှ ရရှိသည့် အမြတ်အစွန်းများမှ တစ်ရာခိုင်နှုန်းကို တစ်သက်တာလှူဒါန်းထားသည်။

တည်ထောင်ရခြင်းရည်ရွယ်ချက်မှာ Juspeace Foundation မှ ပြုစုပျိုးထောင်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ကူညီရန်နှင့် အနုပညာစွမ်းရည်များမှတစ်ဆင့် လူ့အဖွဲ့အစည်းကို အကျိုးပြုရန်ဖြစ်သည်။

အနုပညာရှင်များသည် အနုပညာတစ်ခုထဲကို ဖန်တီးပေးခြင်းမဟုတ်ဘဲ ကမ္ဘာကြီးကို ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းမှုများ ပေးဆောင်ပြီး လူမှုအကျိုးပြုလုပ်ငန်းများကို လုပ်ပေးသင့်ကြောင်း ကောင်းမွန်သည့် ဩဇာလွှမ်းမိုးမှုကို ပြသရန် လူထုအကျိုးစီးပွားအတွက် အခြေခံအုတ်မြစ်တစ်ခုဖန်တီး၍ ပိုကူညီနိုင်မည်ဟု G Dragon က ဆိုကာ G Dragon Foundation အမည်ကို (Justic + peace) Juspeace Foundation ဟု G Dragon က ရွေးချယ်ခဲ့သည်။

(SKY)

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့ရသည့် ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့

**တောင်ငူ စက်တင်ဘာ ၁၉**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ယနေ့နံနက်ပိုင်းတွင် တောင်ငူခရိုင် အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့ရသည့် ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံအားပေးထောက်ပံ့သည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့နှင့်အတူ ရေတာရှည်မြို့နယ် ပိတောက်စမ်းကျေးရွာ၌ ရေပြန်လည်ကျဆင်းသွားသည့် အခြေခံပညာမူလတန်းလွန်ကျောင်း၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်းအားဖြင့် သန့်ရှင်းရေးပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး စာသင်ကျောင်းများ ရေပြန်လည်ကျဆင်းပါက ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းပိတ်ရက်များတွင် ပြန်လည်အစားထိုး သင်ကြားနိုင်ရေးနှင့် ကျောင်းသုံးပရိဘောဂပျက်စီးမှုများ ပြင်ဆင်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားပြီး ကျောင်းအုပ်ဆရာမကြီးနှင့် သန့်ရှင်းရေးပြုလုပ်နေသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးတို့သည် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်း ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့် ပြည်သူများအား သွားရောက်တွေ့ဆုံအားပေး စကားပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စု ၅၉ စု၊ လူဦးရေ ၁၇၈ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အခြားစားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။



ထို့နောက် ဘိုးတော်ကုန်း ဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော်အား ဖူးမြော်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအား ချက်ပြုတ်ကျွေးမွေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၇ သို့ ■

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ၊ စားသောက်ဖွယ်ရာများနှင့် ပစ္စည်းများ လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ၊ စားသောက်ဖွယ်ရာများနှင့် ပစ္စည်းများ လှူဒါန်းခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားရာတွင် စက်တင်ဘာ ၁၀ ရက်မှစတင်၍ နေရာအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ် မြင့်တက်လာမှုနှင့်အတူ ရုတ်တရက် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ တိုင်းဒေသကြီးအတွင်းရှိ မြေနိမ့်ပိုင်းဧရိယာများနှင့် အနီးရှိရပ်ကွက်များ၊ ကျေးရွာများတွင် ရေများဝင်ရောက်ကာ ရေနစ်မြုပ်နေမှုများဖြစ်ပေါ်ခဲ့ပါကြောင်း၊ ရေကြီးနစ်မြုပ်မှုများအတွက် တုံ့ပြန်ရေးလုပ်ငန်းများ ထိရောက်စွာဖြင့် စနစ်တကျဆောင်ရွက်နေပါကြောင်း၊ သဘာဝဘေးများဖြစ်ပေါ်ချိန်တွင်ကူညီကယ်ဆယ်ရေး၊ ဘေးအန္တရာယ်ကျရောက်ပြီးချိန် ပြန်လည်ထူထောင်ရေး စသည်တို့တွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပါဝင်ကူညီကြသည့် မြို့မိမြို့ဖ စေတနာအလှူရှင်များက သဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ၊ စားသောက်ဖွယ်ရာများ၊ ပစ္စည်းများ လှူဒါန်းကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် အမှန်တကယ် လိုအပ်သည့်နေရာများတွင် လှူဒါန်းထောက်ပံ့ပေးနေပါကြောင်း ပြောကြားခဲ့သည်။



ဆက်လက်၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ၊ စားသောက်ဖွယ်ရာများနှင့် ပစ္စည်းများ လှူဒါန်းခဲ့သည့် အလှူရှင်များအား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်းနှင့် အလှူရှင်များလှူဒါန်းခဲ့သည့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် ပစ္စည်းများ၏တန်ဖိုးမှာ စုစုပေါင်း ငွေကျပ် ၂၀၉၃၅၀၀၀၀ ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)




